မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလကွယ်နေ့၊ ၂၀၀၈ ခုနှစ်၊ မေ ၅ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၈၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်လယ်ဝေးမြို့နယ်အတွင်းရှိ ဆည်ရေသောက်နွေစပါးစိုက်ခင်းများအတွင်း ဓာတ်မြေသြဇာကြဲပက်၊ တမန်းနှိုး၊ ပေါင်းလိုက်ခြင်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၄

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့နံနက် ၇နာရီခွဲတွင် နေပြည်တော်လယ်ဝေးမြို့နယ် ရန်အောင်မြင်ကျေးရွာ ကွင်းအမှတ်(၂၁၂၅) ဦးပိုင်အမှတ်(၄၅/၃) တောင်သူဦးမောင်ဟန်၏ နွေစပါး ခုနစ်ဧကအတွင်း ဓာတ်မြေသြဇာကြဲပက်ခြင်း၊ တမန်းနှိုးခြင်းနှင့် ပေါင်းလိုက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရှင်းလင်းမှာကြားရာတွင် နိုင်ငံတော်က ဆည်မြောင်းတာတမံများ ကြိုးပမ်းတည်ဆောက်နေသည့်အတွက် လယ်ယာမြေများ၌ ရေလုံလောက်စွာရရှိပြီး သုံးရာသီလုံး စိုက်ပျိုးနိုင်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍများတွင် ဘက်စုံတိုးတက်ဖွံ့ဖြိုးနေသည်ကို လက်တွေ့စိုက်ပျိုးသည့် တောင်သူများကိုယ်တိုင် ခံစားနေရပြီဖြစ်ကြောင်း၊ ယခင်က မိုးစပါးတစ်မျိုးတည်းကိုသာ အားထားစိုက်ပျိုးနေရာမှ ယခုအခါ နွေစပါးကိုပါ တိုးချဲ့စိုက်ပျိုးနိုင်နေပြီဖြစ်ကြောင်း၊ ထိုသို့ တိုးချဲ့စိုက်ပျိုးသည့်အတွက် တောင်သူများတွင်သာမက နိုင်ငံတော်တွင်လည်း များစွာအကျိုးရှိကြောင်း၊ တောင်သူများအနေဖြင့်လည်း အထွက်တိုးအောင် တိုးမြှင့်စိုက်ပျိုးကြစေလိုကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် နေပြည်တော်လယ်ဝေးမြို့နယ်အတွင်းရှိ ပလွေးချောင်းကို တမံပိတ်၍ ဆင်အုံကန်အတွင်းသို့ ရေစီးဝင်စေသည့် ရေလွှဲနေရာကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်လယ်ဝေးမြို့နယ် ရဘိန်းကျေးရွာအုပ်စု ရေပြာကျေးရွာရှိ တောင်သူ ဦးနေလင်းစိုး၏ အကွက်အမှတ် (၁၈၀၀) ဦးပိုင်အမှတ်(၇) အကျယ် ၄ဒသမ ၆၅ဧကရှိသော လယ်မြေသို့ရောက်ရှိကာ လယ်ကွက်အတွင်း နောက်ချေးနှင့် ပုလဲဓာတ်မြေသြဇာရော၍ မြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၉ ကော်လံ ၇ ◆

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်လယ်ဝေးမြို့နယ် ရန်အောင်မြင်ကျေးရွာ တောင်သူဦးမောင်ဟန်၏ နွေစပါး ခုနစ်ဧကအတွင်း ဓာတ်မြေသြဇာကြဲပက်ခြင်း၊ တမန်းနှိုးခြင်းနှင့် ပေါင်းလိုက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

အဖျက်လုပ်ရပ်မှန်သမျှ ဖော်ထုတ်တားဆီးဖယ်ရှားသွားကြရမည်

အကြမ်းဖက်အဖျက်သမားတွေဟာ မြေအောက်မှာ၊ နယ်စပ်ဒေသမှာသာ ရှိနေတာမဟုတ်တော့ပါဘူး။ သူတို့ဟာ မြေပေါ်မှာ၊ မြို့ပေါ်တွေမှာ ဒီမိုကရေစီမျက်နှာဖုံးစွပ်ပြီး လှုပ်ရှားနေကြတာဖြစ်ပါတယ်။ သူတို့ဟာ အစိုးရကို ဆန့်ကျင်တဲ့ပုံစံယူအသွင်ဆောင်ပြီး ပြည်သူလူထုကို တိုက်ခိုက်သတ်ဖြတ်ဖို့အထိ ဝန်မလေးတော့ဘဲ လက်ရဲဇက်ရဲ လုပ်ဆောင်လာတာဖြစ်ပါတယ်။

လေ့လာသူတစ်ဦး၏ ဆောင်းပါး (စာ - ၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဧပြီ ၅ ရက်)

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပါဝင်သည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးသည် အဓိကကျသဖြင့် လမ်းသစ်၊ တံတားသစ်များ တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်အတွင်းရှိ ဇီးဖြူကျွန်း-သဇင်ရေကျော် ကျေးလက်ကျောက်ချောလမ်းသစ်ကို မတ်လ ၁၆ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ဇီးဖြူကျွန်း-သဇင်ရေကျော် ကျေးလက်ကျောက်ချောလမ်းသစ်မှာ အရှည် ၃ ဒသမ ၅၈မိုင်ရှိပြီး ရန်ကုန်-ပုသိမ်လမ်းမကြီးသို့ ဆက်သွယ်ထားသည်။ ယခုအခါ ကျေးလက်လမ်း ဖောက်လုပ်ပြီးစီးသွားသည့်အတွက် သဇင်ရေကျော်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခုနစ်ရွာနှင့် ဇီးဖြူကျွန်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ ရန်ကုန်မြို့နှင့်ပုသိမ်မြို့များသို့ ရာသီမရွေးသွားလာနိုင်ပြီ ဖြစ်သည်။

အလားတူ မအူပင်-ကျိုက်လတ်-ဖျာပုံ မိုင်၄၀ရှည် ကတ္တရာလမ်းသစ်ကို အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့သဖြင့် ရန်ကုန်မြို့နှင့် အလွယ်တကူ လျင်မြန်စွာသွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုလည်း သွက်လက်မြန်ဆန်လာပြီ ဖြစ်သည်။

ထို့အပြင် အဆိုပါလမ်းသစ်ကြီးများ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာမှဒေသခံပြည်သူများ သွားလာမှုအဆင်ပြေပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက် ကောင်းမွန်လာမည်ဖြစ်သည်။

၁၉၈၈ခုနှစ်က မြို့ပြနှင့်ကျေးလက်လမ်း မိုင်ငါးထောင်ကျော်ရှိခဲ့ရာမှ ယခုအခါ မိုင်သုံးသောင်းကျော်အထိ ရှိလာပြီဖြစ်ရာ ကျေးလက်နှင့်မြို့ပြ ဆက်သွယ်သွားလာမှု ပိုမိုလွယ်ကူ အဆင်ပြေလာပြီဖြစ်သည်။

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း လသာမြို့နယ် မဟာဗန္ဓုလလမ်း အမှတ်(၆၇၉) မြေညီထပ်နေ ဒေါ်ခင်ဆန်းကြည်၊ သား ဦးဆန်းလွင်ဦး(အရှေ့သံလွင်ထရေးဒင်းကုမ္ပဏီလီမိတက်)၊ ဒေါ်မြမြ၊ သမီး ဒေါ်ကြူကြူမာမိသားစု၊ မြေး မသီဂီဆန်းလွင်၊ မောင်ချမ်းပြည့်ဆန်းလွင်တို့က ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရား သံစောင်းတန်းအသစ်ဆောက်လုပ်ရန် အလှူငွေကျပ် ၁၀သိန်းကို ဂေါပကအဖွဲ့ဝင် ဦးသောင်းညွန့်နှင့် ဦးအုန်းရွှေတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၅-၄-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသကြင်္န်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မိုးချစ်တပ်မတော်
၁၂း၂၅	၄။	ကျန်းမာသုတ
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၁၅	၄။	မြန်မာသံစဉ် ချိုနားဝင်
၄း၂၀	၅။	မိုးချစ်တပ်မတော်
၄း၂၅	၆။	မြန်မာသကြင်္န်
၄း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၈။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၁၀)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	လူရွှင်တော်ရွှေဖလား
	၁၉။	English Usage
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	FA Cup ဘောလုံးပွဲ **ဝက်စ်ဘရွန်း-ပို့စ်မောက်**

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကျောက်ချောလမ်းသစ်နှင့် မွေ့ထရံသစ်သားတံတားဖွင့်ပွဲတက်ရောက်

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဧပြီ ၂ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ကနစိုးကုန်း-လမ်းသမိုင် ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဝါးခယ်မမြို့ ရွှေခယ်သီရိခန်းမ၌ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ကညင်ငူ-ဆပ်သေ ကျေးလက်မြေသားလမ်းပေါ်ရှိ မွေ့ထရံသစ်သားတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် မွေ့ထရံတံတား တည်ဆောက်ခြင်းအတွက် စူပရင်းကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်နှင့်ဇနီး ဒေါ်မြသန္တာတို့က အလှူငွေကျပ် သိန်း ၈၀၊ ကညင်ငူကျေးရွာပြည်သူများက အလှူငွေကျပ် ၁၁၅သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပန်းတစ်ပွင့်တောင် တောရကျောင်း တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းတိုက်တွင် သင်္ကြန်ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၂ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများ ဧပြီ ၁၁ ရက် ညနေ အရောက် လာရောက်ကြရန်နှင့် ပန်းတစ်ပွင့်တောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသာရအရှင်မြတ်က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဆရာကြီး ဦးစန်းဝင်းအား ရည်စူး၍ တိုက် ၂၃ အခန်း ၆ သီရိကန်သာအိမ်ရာ (ဃ) တိုးချဲ့ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်စန်းဝင်းနှင့်တပည့်များက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် ၅၅၀၀၀၀ လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ၁၀ရပ်ကွက် ၄၅လမ်းထိပ်နေ မိဘနှစ်ပါးနှင့် အစ်မဒေါ်ခင်သန်းအား ရည်စူး၍ ဒေါက်တာမျိုးဝင်း၊ ဒေါက်တာ သင်းသင်းလှိုင်၊ သမီး မယဉ်ယဉ်သော် မိသားစုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အထွေထွေပဒေသာပင်အတွက် ငွေကျပ်သိန်း၂၀ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရခိုင်ရိုးရာသင်္ကြန်ပွဲ စည်ကားစွာကျင်းပမည်

ရန်ကုန် ဧပြီ ၄

ရခိုင်ရိုးရာသင်္ကြန် ဖြစ်မြောက်ရေးကော်မတီ (ရန်ကုန်)က ကြီးမှူးကျင်းပမည့် ပဉ္စမအကြိမ်မြောက် ၂၀၀၈ခုနှစ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကြီးကို သိမ်ဖြူ ကားမောင်းသင်ကွင်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ ယခင်နှစ်များထက်ပို၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဖျော်ဖြေပွဲ

ဧပြီ ၁၁ ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် နံ့သာသွေးပွဲ၊ ဧပြီ ၁၂ ရက် (သင်္ကြန်အကြို၊ စနေနေ့) နံနက် ၈နာရီတွင် သင်္ကြန်ဖွင့်ပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ၊ ရိုးရာအကပဒေသာနှင့် တေးဂီတအစီအစဉ်များဖြင့် ဖျော်ဖြေပြီး ဧပြီ ၁၃ ရက် (သင်္ကြန်အကျနေ့)မှ ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)အထိ နံနက် ၈နာရီမှ ညနေ ၄ နာရီအတွင်း ရခိုင်ရိုးရာရေကစားပွဲတော်နှင့် အဆို၊အက ဖျော်ဖြေမှုများ ကျင်းပမည်ဖြစ်ပြီး သင်္ကြန်အတက်နေ့ ညနေ ၄ နာရီတွင် သင်္ကြန်ပိတ်ပွဲကျင်းပမည်ဖြစ်သည်။

ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကြီးတွင် ရခိုင်ပြည်နယ်မှ မြို့နယ်အသင်းများ၊ လူမှုရေးအသင်းများကို ကိုယ်စားပြုသော လှေလောင်းနှင့်ရေလောင်းမည့် မဏ္ဍပ်ပေါင်း ၁၀ခုထက်မနည်း ပါဝင်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

ရခိုင်ရိုးရာအစားအသောက်ဆိုင်များ၊ ရခိုင်သင်္ကြန် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ ရောင်းချမည်ဖြစ်ရာ ဆိုင်ဖွင့်လှစ်လိုသူများ၊ မဏ္ဍပ်ဝင်ရောက်လိုသူ လှုပ်ရှုဖြူများ၊ Sponsor ပါဝင်လိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ငွေပစ္စည်း ပါဝင်လှူဒါန်းကူညီလိုသူများ၊ ဓာတ်လမ်းမှတ်တမ်းနှင့် ရုပ်ရှင်ဗီဒီယို ရိုက်ကူးလိုသူများ ၂၀၀၈ ခုနှစ် ရခိုင်ရိုးရာသင်္ကြန် ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းနိုင် ဖုန်း ၀၉-၉၉-၂၄၃၆၃နှင့် ဒေါ်စောခင်တင့် ဖုန်း-၇၀၉၇၈၅၊ ဦးဇော်ခိုင်သန့် ဖုန်း-၀၉-၅၀၀၆၈၂၀၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁-၄၀၄၀၇၊ ဒေါက်တာစံကျော်လှ ဖုန်း-၀၉-၅၁-၈၉၀၁၇ နှင့် ဦးသန်းမောင် ဖုန်း- ၃၇၂၇၆၀ တို့သို့ အမြန်ဆုံး ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (မြန်မာ့အလင်း)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနင်လော့။
(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

ကြည့်သူရင်ကို ခံစားရိုက်ခတ်စေနိုင်သည့် April 2008 ပန်းချီပြပွဲ

အနုပညာမြင်ကွင်း - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၄

လက်ရာ အဆင့်အတန်းမြင့်ပြီး ကြည့်သူကို ခံစားရိုက်ခတ်စေတဲ့ ပန်းချီကားတစ်ချပ်ရဲ့ ဂုဏ်ဒြပ်ဟာ အဖိုးမဖြတ်နိုင်အောင် မြင့်မားနေတတ်ပါတယ်။ ဒီလိုပန်းချီကားတွေ မျိုးချည်း ခင်းကျင်းပြသထားတဲ့ April 2008 ပန်းချီပြပွဲလို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ အလုံပြဘုရားလမ်းမှာရှိတဲ့ သမ္မတဟိုတယ် ပထမထပ် ပန်းချီခန်းမမှာ ဧပြီ ၅ ရက် (ယနေ့) **ကနေ ၆ ရက်အထိ ခင်းကျင်းပြသနေပြီ ဖြစ်ပါတယ်။**

> ပုဂံခေတ်လက်ရာရုပ်တုတွေကို ပြည်သူတွေကို သိစေလိုတဲ့ ဆန္ဒနဲ့ ရေးဆွဲဖြစ်တာပါ။
> ပန်းချီတင်မောင်ဦး

စိတ်ချမ်းမြေ့

ဒီပန်းချီ ပြပွဲမှာ တင်မောင်ဦး၊ အောင်မြင့်ဦးနဲ့ MT အောင်တို့ရဲ့ ပန်းချီကားပေါင်း ၂၂ကားခင်းကျင်းပြသထားပါတယ်။ ပန်းချီခန်းမအတွင်းမှာလေအေးစက်ဖွင့်ထားပြီး ငြိမ့်ညောင်းတဲ့ ဂီတသံစဉ်ကို ခပ်သာသာလေး ဖွင့်ပေးထားတာမို့ ပန်းချီကားတွေကို ကြည့်ရှုလေ့လာရတာဟာ စိတ်ချမ်းမြေ့စရာကောင်းလှပါတယ်။

ပန်းချီဆရာ တင်မောင်ဦးရဲ့ အခရိုင်းလစ်နဲ့ ရေးဆွဲထားတဲ **ပုဂံအိပ်မက်** ပန်းချီကားတွေကို လေ့လာတဲ့အခါမှာ ပုဂံဘုရားတွေမှာရှိတဲ့ ပန်းပေါက်၊ ရုပ်တု၊ စေတီပုထိုးတွေရဲ့ ပုံရိပ်တွေကို ခေတ်ပြိုင်နည်းစနစ်နဲ့ ရေးဆွဲထားတာ တွေ့ရပါတယ်၊ ဒီပန်းချီကားတွေထဲမှာမှ ပုဂံအိပ်မက်(၆) ပန်းချီကားနဲ့ ပတ်သက်ပြီး တင်မောင်ဦးက ''ဒီပန်းချီကားက ပုဂံအာနန္ဒာဘုရားက အုတ်ခွက် ရုပ်တုတွေမှာရှိတဲ့ ဘီလူးပန်းဆွဲ၊ ဟင်္သာရုပ်၊ ပုဂံခေတ် လက်ရာပန်းတွေ၊ ပုဂံစစ်သည်တော်တွေရဲ့

ပုဂံ အိပ်မက်

ပန်းချီ ဆရာ တင်မောင်ဦးရဲ့ ပုဂံ အိပ်မက်(၆) ပန်းချီကားက ခေတ်ပြိုင် နည်းစနစ်နဲ့ ရေးဆွဲ ထားသည်။

ထားခြင်း ဖြစ်ပါတယ်။ ရှေးဟောင်း အုတ်ခွက် လက်ရာတွေနဲ့ ပုဂံခေတ် လက်ရာ ရုပ်တုတွေကို ပြည်သူတွေ သိစေ မြင်စေလိုတဲ့ ဆန္ဒနဲ့ရေးဆွဲဖြစ်တာပါ''လို့ ရှင်းပြပါတယ်။ အရောင်မှိုင်းမှိုင်းတွေကို

အနီရောင် အရိပ်များ

အနီရောင် အရိပ်များလို့ အမည်ပေးထားတဲ့ ပန်းချီ အောင်မြင့်ဦးရဲ့ဆီဆေး ပန်းချီကားမှာ ဆွဲဆောင်မှု အပြည့်ရှိသည်။



အသုံးပြုရေးဆွဲ ထားတာမို့ ပန်းချီကားကို ကြည့်လိုက်တာနဲ့ ပုဂံခေတ်ဆီ စိတ်ရောက်သွားစေတဲ့ ပန်းချီကား ဖြစ်ပါတယ်။

ဆွဲဆောင်

နောက်ထပ်စိတ်ဝင်စားဖို့ ကောင်းတာက **အနီရောင်အရိပ်များ** လို့ အမည်ပေးထားတဲ့ ပန်းချီအောင်မြင့်ဦးရဲ့ ဆီဆေး ပန်းချီကားပဲဖြစ်ပါတယ်။ အောင်မြင့်ဦးဟာ ဒီပန်းချီပြပွဲမှာ ပန်းချီကား ၁၂ကား ခင်းကျင်းပြသထားပြီး **အနီရောင်အရိပ်များ** ပန်းချီကားနဲ့ပတ်သက်လို့ ''ဒီပန်းချီကားက ပုဂံညောင်ဦးရဲ့ နာမည်ကြီး နတ်သမီးကမ်းပါးမှာ ဆိုက်ကပ်ထားတဲ့ မော်တော်တစ်စင်းရဲ့ ပုံဖြစ်ပါတယ်။ နံနက်ခင်း နေရောင်ထိုးပြီး ရေထဲမှာ အနီရောင် ကျနေပုံဟာ အမြင်ဆန်းတာမို့ ရေးဆွဲဖြစ်သွားတာပါ''လို့ အောင်မြင့်ဦးက ရှင်းပြပါတယ်။ ဒီပန်းချီကားဟာ ကင်းဗတ်ပေါ်မှာ ဓားနဲ့ရေးဆွဲထားပြီး အမှောင်၊ အရောင်၊ အလင်းနဲ့ ရေထဲကျနေတဲ့ အလင်းရောင်ပြန်နေပုံတွေကို ရှုထောင့်ကောင်းနဲ့ မရန်း၊ ခရမ်းရောင်တွေကို အမှောင်ခံထားပြီး

> အနီရောင်ကျနေပုံဟာ အမြင်ဆန်းတာမို့ ရေးဆွဲဖြစ်တာပါ။
> **ပန်းချီအောင်မြင့်ဦး**

အနီရောင်ဖွင့် ရေးဆွဲထားတာမို့ ဆွဲဆောင်မှုရှိတဲ့ ပန်းချီကားတစ်ချပ် ဖြစ်ပါတယ်။

ငါတို့ရှင်သန်နိုင်တယ် လို့ အမည်ပေးထားတဲ့ MT အောင်ရဲ့ဆီဆေး ပန်းချီကားကတော့ MIX Medium နည်းနဲ့ ရေးဆွဲထားခြင်း ဖြစ်ပါတယ်။ ဒီပန်းချီကားနဲ့ ပတ်သက်ပြီး ''ပြည်မြို့ဘက်မှာရှိတဲ့ အောင်မြင်ဗာဟု ဘုရားကုန်းဘောင်ပေါ်မှာရှိတဲ့ အင်ပင်ကြီး တစ်ပင်ရဲ့ ရွက်နုတွေ ဝေနေတဲ့ပုံပါပဲ။ လူရယ်လို့ ဖြစ်လာရင် လောကဓံတွေ ကြုံတွေ့ရပေမယ့် ရှင်သန်နိုင်တယ်ဆိုတာ ဖော်ပြချင်လို့ပါ''လို့ MT အောင် က ရှင်းပြပါတယ်။

ငါတို့ ရှင်သန်နိုင်တယ်

ငါတို့ရှင်သန်နိုင်တယ်လို့ အမည်ပေးထားသော ပန်းချီ MT အောင်ရဲ့ ဆီဆေးပန်းချီကားမှာ လက်ရာမြောက်လှသည်။

> အရောင်တွေကို အဓိက ရေးဆွဲထားခြင်းဖြစ်ပါတယ်။
> ပန်းချီ MT အောင်

ရုပ်ပုံတွေကို စုပေါင်းပြီး ပန်းချီကားအဖြစ် ရေးဆွဲထားတာ ပါလို့ ဖြေကြားပါတယ်။ ဟောင်းနေပြီဖြစ်တဲ့ အရောင်တွေကို မူရင်းအတိုင်းဖြစ်အောင် ဦးစားပေး ရေးဆွဲ

လက်ရာမြောက်

ဒီပန်းချီကားဟာ လိမ္မော်၊ အစိမ်း၊ ပန်းနုရောင်၊ အဝါနု၊ ဖက်ဖူးရောင်နဲ့ အဝါရင့်ရောင်တွေကို အဓိကထား ရေးဆွဲထားခြင်းဖြစ်ပါတယ်။ အင်ပင် ရဲ့ ရွက်နုတွေ ဝေနေပုံဟာ အလင်း၊ အရောင်၊ အရိပ်တွေကြောင့် တကယ့် မြင်ကွင်းကို ကြည့်နေရသလိုပါပဲ။ တကယ့်ကို လက်ရာမြောက်တဲ့ ပန်းချီကားတစ်ချပ် ဖြစ်ပါတယ်။

ဒီပန်းချီပြပွဲ ဖြစ်မြောက်အောင် စီစဉ်ပေးတဲ့ WHK ကုမ္ပဏီက ဦးဝင်းထင်ကျော်ကတော့ ''လက်ရာမြောက်တဲ့ ပန်းချီကားတွေကို ပြည်သူတွေ ကြည့်ရှုလေ့လာခွင့် ရရှိအောင် စီစဉ်ပေးတာဖြစ်ပြီး နောက်ထပ်လည်း ပန်းချီပြပွဲတွေ ဆက်လက် ပြုလုပ်သွားမယ်''လို့ ပြောကြားသွားပါတယ်။

ကြည့်ရှုလေ့လာ

ဒါကြောင့် နှစ်ရက်သာ ခင်းကျင်းပြသမယ့် April 2008 ပန်းချီပြပွဲဟာ လက်ရာသန့်သန့်၊ ဖွဲ့စည်းမှု ကောင်းကောင်းနဲ့ စိတ်ဝင်စားဖွယ်ရာ ပန်းချီကားတွေကို မြင်တွေ့ရမှာမို့ သွားရောက်ကြည့်ရှုလေ့လာသင့်ပါကြောင်း အနုပညာသတင်း ဖြန့်ခင်းပေးလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

April 2008 ပန်းချီပြပွဲလို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲ တစ်ရပ်ကို ရန်ကုန်မြို့ အလုံပြဘုရားလမ်းမှာရှိတဲ့ သမ္မတဟိုတယ် ပထမထပ် ပန်းချီခန်းမမှာ ဧပြီ ၅ ရက် (ယနေ့)ကနေ ၆ရက်အထိ ခင်းကျင်းပြသနေပြီ။

နှစ်ရက်သာ ခင်းကျင်းပြသမယ့် April 2008 ပန်းချီပြပွဲဟာ လက်ရာသန့်သန့်၊ ဖွဲ့စည်းမှုကောင်းကောင်းနဲ့ စိတ်ဝင်စားဖွယ်ရာ ပန်းချီကားတွေကို မြင်တွေ့ရမှာမို့ သွားရောက် ကြည့်ရှုလေ့လာသင့်။

5-4 (03).pmd 1 4/5/2008, 2:00 AM

တရုတ်နှင့်ပါကစ္စတန် စစ်ဘက်ရေးရာများပူးပေါင်း အပြန်အလှန်ဆက်ဆံရေးတိုးမြှင့်ရန် ကြိုးပမ်းမည်

ပေကျင်း ဧပြီ ၄

တရုတ်နှင့် ပါကစ္စတန်နှစ်နိုင်ငံတို့ စစ်ဘက်ရေးရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီး လန်ဂန်လီက ဧပြီ ၄ရက်၌ ပြောကြားလိုက်သည်။

ဆောင်ရွက်သွားမည်

အနာဂတ်ကာလတွင် နှစ်နိုင်ငံတပ်ဖွဲ့များ အချင်းချင်းရင်းနှီးမှုရှိစေရေးနှင့် ကာကွယ်ရေးဌာနမှအရာရှိကြီးများ အပြန်အလှန်သွားလာလည်ပတ်ရေး ကိစ္စရပ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၄င်းကဆက်လက်ပြောကြားသည်။

တရုတ်ကာကွယ်ရေးဝန်ကြီးလန်ဂန်လီနှင့် ပါကစ္စတန်ရေတပ်အကြီးအကဲ မိုဟာမက်အက်ဖ်ဇယ်တို့ ပေကျင်းမြို့၌ ဧပြီ ၃ရက်က တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြသည်။

သဘောတူညီခဲ့

ထို့အပြင် နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာများတွင် စွမ်းအားပြည့်ပူးပေါင်းဆောင်ရွက်ရန်နှင့် အပြန်အလှန်ကူညီပံ့ပိုးရန်လည်း ဆွေးနွေးခဲ့ကြသည်။ တစ်ဖန် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန်လည်း ကြိုးပမ်းသွားမည်ဖြစ်ကြောင်း နှစ်ဦးစလုံး က ဆွေးနွေးသဘောတူညီခဲ့ကြသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်ပြည်နယ် အိုကိုနိုဝေါမြို့၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်သမားများက မီးငြိမ်းသတ်နေသည်ကို ဧပြီ ၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

စီမံကိန်းလုပ်ငန်းကြီးများ တိုးတက်အောင်မြင်မှု ရရှိရေး အဓိကသော့ချက်မှာ ဆက်ဆံရေးကောင်းမွန်ရန်ဖြစ်

ဗန်ကောက် ဧပြီ ၄

ဆက်ဆံပြောဆိုခြင်းနှင့် တိုင်ပင်နှီးနှော၍ အကြံဉာဏ်များရယူခြင်းသည် မျက်မှောက်ခေတ် ဖွံ့ဖြိုးရေး စီမံကိန်းများ တိုးတက်အောင်မြင်ရေး၏ အဓိကသော့ချက်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အဖွဲ့ခေါင်းဆောင် အယ်လ်မတ်ဒ်ဝစ်က ဗန်ကောက်မြို့၌ ဧပြီ ၃ ရက်က ပြောကြားသည်။

နားလည်မှုများ

ဆက်ဆံပြောဆိုခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းလုပ်ငန်းများ အပိုအလိုမဖြစ်စေရေးအတွက် လုပ်ငန်း စတင်ဆောင်ရွက်သည်မှ မဖြစ်မနေ ပြုလုပ်သင့်ကြောင်း မတ်ဒ်ဝစ်က ပြောကြားသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများမအောင်မြင်ခြင်းသည် လုပ်ငန်း၏ ရည်မှန်းချက်ပန်းတိုင်ကို နားလည်မှု မှားယွင်းနေခြင်းကြောင့် ဖြစ်ကြောင်း ဝစ်က ဆက်လက်ပြောကြားသည်။

ပြောကြား

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဧပြီ ၁ ရက်က စတင်ကျင်းပခဲ့သော တိုင်ပင်နှီးနှောခြင်းနှင့် မဟာဗျူဟာ ဆက်ဆံရေးဆိုင်ရာ နိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲတွင် အဆိုပါ ကမ္ဘာ့ဘဏ်အကြီးအကဲက ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ လာအို၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နှင့် ဆီနီဂေါနိုင်ငံတို့မှ ဝန်ကြီးအဆင့်နှင့် ထိပ်တန်းအစိုးရတာဝန်ရှိသူ တစ်ရာကျော်ခန့် တက်ရောက်ဆွေးနွေးခဲ့ကြောင်း ကမ္ဘာ့ဘဏ်မှ အာရှနှင့်ပစိဖိတ်ဒေသ ဆက်ဆံရေး ကျွမ်းကျင်ပညာရှင် ယိုဆာယူလီယာဆာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကုလားအုတ် အလှပြိုင်ပွဲ ယူအေအီး၌ ကျင်းပမည်

အဘူဒါဘီ ဧပြီ ၄

ယူအေအီးနိုင်ငံ၌ ကုလားအုတ်(အောက်ပုံ)ကောင်ရေ တစ်သောင်းခန့်ပါဝင်မည့် နိုင်ငံတကာ ကုလားအုတ်အလှပြိုင်ပွဲတစ်ရပ်ကျင်းပသွားမည်ဖြစ်ကြောင်း ဧပြီ၃ရက်က အင်တာနက် သတင်းတွင် ဖော်ပြသည်။

အဆိုပါ ကုလားအုတ်ပြိုင်ပွဲသည် ယူအေအီးနိုင်ငံ၌ကျင်းပသည့် ပြိုင်ပွဲများအနက် အကြီးမားဆုံးပြိုင်ပွဲတစ်ရပ် ဖြစ်သည်။

ယှဉ်ပြိုင်ကြမည်

ယင်းပြိုင်ပွဲသို့ ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာနှင့်ဆော်ဒီအာရေဗျနိုင်ငံတို့မှ ထူးခြားလှပသော ကုလားအုတ်များ လာရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ရေပန်းစား

ပထမအကြိမ်ကုလားအုတ် အလှပြိုင်ပွဲကို လွန်ခဲ့သော ခြောက်နှစ်က ယူအေအီး၌ပင် ကျင်းပခဲ့သည်။ ကုလားအုတ်ပြိုင်ပွဲသည် ရေနံပေါ်ကြွယ်ဝသော ထိုနိုင်ငံများတွင် ရေပန်းစားလာသည့် ပြိုင်ပွဲတစ်ရပ် ဖြစ်လာသည်။

(အင်တာနက်)

ထိုင်းနိုင်ငံအနောက်ပိုင်း ကန်ချာနာဘူရီပြည်နယ် ဆန်ဂလာဘူရီသစ်တောအတွင်း မန်ကျည်းအပင်တစ်သိန်းစိုက်ပျိုးရန် ရည်ရွယ်လျက် ရဟတ်ယာဉ်ဖြင့် မန်ကျည်းစေ့များ ကြဲချနေသည်ကို ဧပြီ ၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မိကျောင်းပါးစပ်တွင်းမှ ဇနီးဖြစ်သူအား ခင်ပွန်းဖြစ်သူက ကယ်တင်နိုင်ခဲ့

ဆစ်ဒနီ ဧပြီ ၄

ဩစတြေးလျအမျိုးသမီးတစ်ဦးအား မိကျောင်းပါးစပ် **(အောက်ပုံ)** တွင်းမှ လွတ်မြောက်ရန် ခင်ပွန်းဖြစ်သူက မိကျောင်းကျောကုန်းပေါ်သို့ ခုန်ချလျက် ကယ်တင်လိုက်ရကြောင်း ဧပြီ ၃ရက်၌ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကျက်စား

ယင်းမိကျောင်းကိုက်မှု ဖြစ်ပွားရာ ဒေသမှာ ဩစတြေးလျနိုင်ငံမြောက်ပိုင်း ဒါဝင်မြို့အနီး လစ်ဖီးအမျိုးသားဥယျာဉ် ရေငန်မိကျောင်းများ ကျက်စားရာအရပ်၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ခုန်ချ

မိကျောင်းသည်အစာရှာထွက်လာစဉ် အဆိုပါအမျိုးသမီးမှာ မြစ်ကမ်းနဖူးတွင် ရပ်နေသည်။ ထိုစဉ်အတွင်း မိကျောင်းက ယင်းအမျိုးသမီးအား ဖမ်းကိုက်ပြီး မြစ်အတွင်းသို့ ဆင်းပြေးသွားချိန်တွင် ခင်ပွန်းဖြစ်သူက မိကျောင်း၏ ကျောကုန်းပေါ်သို့ ရဲရင့်ပြောင်မြောက်စွာ ခုန်ချလိုက်လေသည်။

လွှတ်ပေး

မိကျောင်းလည်း ရုတ်တရက်ကျောပေါ်သို့ အန္တရာယ်တစ်စုံတစ်ရာ ကျရောက်ပြီကို သိလိုက်၍ အမျိုးသမီး၏ ခြေထောက်များကို ခံတွင်းမှ လွှတ်ပေးလိုက်သည်။

လွတ်မြောက်

အသက် ၃၆နှစ်ရှိ အဆိုပါအမျိုးသမီးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သော်လည်း အမျိုးသားမှာ ဘေးမသီရန်မခဘဲအန္တရာယ်စက်ကွင်းမှ လွတ်မြောက်သွားလေသည်။

(အင်တာနက်)

ဘဝအမောပြေ

ကော်ဖီတော့တိုက်ပါတယ် ....

အလွန်ကပ်စေးနဲသော အမျိုးသားတစ်ဦးသည် ဟိုတယ်တစ်ခုသို့ တည်းခိုရန် ရောက်ရှိလာခဲ့သည်။

ဟိုတယ်ဝန်ထမ်း ။ ။ ဘယ်လိုအခန်းမျိုး အလိုရှိပါသလဲ။ ဒီအခန်းက တစ်နေ့ ဒေါ်လာ ၅၀၊ ဒီဘက်အခန်းက ဒေါ်လာ ၇၀ပါ။

အမျိုးသား ။ ။ ဈေးများလိုက်တာ-မကြိုက်ဘူး။

ဟိုတယ်ဝန်ထမ်း ။ ။ ဒီအခန်းက ကော်ဖီအခမဲ့သောက်လို့ရတဲ့ အခန်းပါ။

အမျိုးသား ။ ။ ဟာ **. . .** အတော်ပဲ ကော်ဖီဝင်သောက်လိုက်ဦးမယ်။ ကော်ဖီသောက်ပြီး ပြန်ထွက်လာသော အခါ **. . .**

ဟိုတယ်ဝန်ထမ်း ။ ။ ဒေါ်လာ ၁၀၀ကျပါတယ်။

အမျိုးသား ။ ။ ကော်ဖီအလကားတိုက်တာဆို **. . .**

ဟိုတယ်ဝန်ထမ်း ။ ။ အထူးခန်းမို့ ကော်ဖီပဲ အလကားတိုက်တာပါ၊ အခန်းထဲဝင်ရင် ဒေါ်လာ ၁၀၀ သတ်မှတ်ထားပါတယ်။

အမျိုးသား ။ ။ **ဗျာ**

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဘာဆာရာ၌ လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက် အီရတ်လုံခြုံရေးအရာရှိနှစ်ဦး လွတ်မြောက်

ဘာဆာရာ ဧပြီ ၄

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့၌ ဧပြီ ၂ရက်က လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်ခံရသော်လည်း အီရတ်ဗိုလ်ချုပ်နှစ်ဦးမှာ တစ်စုံတစ်ရာထိခိုက်ခြင်းမရှိဘဲ လွတ်မြောက်သွားကြောင်း ဒေသခံရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

ဖောက်ခွဲ

အီရတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်မိုဟာမက် အယ်အက်စကာရီနှင့်ဘာဆာရာလုံခြုံရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မိုဟန် အယ်ဖီရာလ္လီတို့နှစ်ဦး လိုက်ပါလာသည့် မော်တော်ယာဉ်တန်းအနီးတွင် ထိုနေ့က လမ်းဘေးဗုံး ဖောက်ခွဲခြင်း ဖြစ်သည်။

တိုက်ပွဲ

အဆိုပါထိပ်တန်းအရာရှိနှစ်ဦးတို့သည် ဒေသတွင်း အီရတ်တပ်များ ဖြန့်ကြက်ထားမှုကို လာရောက်စစ်ဆေးစဉ် လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရခြင်း ဖြစ်သည်။ လွန်ခဲ့သည့်ရက်သတ္တပတ်က ဘာဆာရာ၌ လက်နက်ကိုင်တိုက်ခိုက်ရေးသမားများနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ အကြီးအကျယ်တိုက်ပွဲများ ဖြစ်ပွားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၄-၄-၂၀၀၈

ကမ္ဘာ့ရေနံစိမ်းဈေး ပြန်လည်မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်း ပြန်လည်မြင့်တက်လာကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)က ပြောကြားသည်။

ရေနံစိမ်းဈေးနှုန်းမှာ ကမ္ဘာ့ဈေးကွက်၌ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၄ ဒေါ်လာအထိ ပြန်မြင့်တက်လာကြောင်း အိုပက်အရာရှိများက ပြောကြားသည်။

ဗီယက်နမ်၌ အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ ကျင်းပမည်

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ (၁၈) ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲကို လာမည့်သီတင်းပတ်တွင် ကျင်းပမည်ဖြစ်ကြောင်း ဗီယက်နမ်ကုန်သွယ်ရေး အရာရှိများက ပြောကြားသည်။

အဆိုပါ ကုန်စည်ပြပွဲကို ဧပြီ ၉ ရက်မှ ၁၃ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ရာ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်း ၅၀၀ ခန့်တို့ ပါဝင်ပြသကြမည် ဖြစ်သည်။

ထိုင်းတောင်ပိုင်း၌လက်နက်ကိုင်များပစ်ခတ်မှု တစ်ဦးသေဆုံး

ထိုင်းနိုင်ငံတောင်ပိုင်း ဆွန်ခလာပြည်နယ်တွင် ဧပြီ ၃ရက်က သေနတ်သမားများ၏ပစ်ခတ်မှုကြောင့် ဒေသခံတစ်ဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

အဆိုပါဖြစ်ရပ်မှာ ဆွန်ခလာပြည်နယ်ဆာဘာယိုင်ခရိုင်အတွင်းဖြစ်ပွားခဲ့ပြီး သေဆုံးသွားသူမှာ အသက် ၅၂နှစ်အရွယ်ရှိ ကျေးရွာလူကြီးတစ်ဦးဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ကမ္ဘောဒီးယား၌ ပထမဆုံးဂြိုဟ်တု လွှတ်တင်

ကမ္ဘောဒီးယားနိုင်ငံက ပထမဆုံးဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို စတင် လွှတ်တင်လိုက်ပြီဖြစ်ကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

အဆိုပါဂြိုဟ်တုသည် ထိုင်းနိုင်ငံမှ ရှန်ဂြိုဟ်တုထုတ်လုပ်ရေးကုမ္ပဏီခွဲ တစ်ခုဖြစ်သည့် ကမ္ဘောဒီးယား ဒီတီဗွီနက်ဝပ်လီမိတက်နှင့် ကမ္ဘောဒီးယားနိုင်ငံပိုင် ရုပ်မြင်သံကြားလိုင်းဖြစ်သည့် ကမ်ပူချာတို့က ပူးတွဲလွှတ်တင်လိုက်ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နှင့်အိန္ဒိယ ရထားပြန်လည်ပြေးဆွဲမည်

ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနှစ်နိုင်ငံတို့အကြား ခရီးသည်တင်ရထား ပြေးဆွဲမှုကို ပြန်လည်စတင်မည်ဖြစ်ကြောင်း အိန္ဒိယပို့ဆောင်ရေးအရာရှိများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့နှင့် အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့များသို့ ရထားပြန်လည်ပြေးဆွဲမှုကို ဧပြီ ၁၄ရက်မှ စတင်မည် ဖြစ်သည်။

ဆွီဒင်မှ ပုံးကြဲလေယာဉ်များ ပါကစ္စတန်လက်ခံရရှိ

ဆွီဒင်နိုင်ငံ ဆွီဒင်ဆတ်ဘ်လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းမှ ကြိုတင်သတိပေးစနစ်များပါရှိသော ဗုံးကြဲလေယာဉ်ငါးစင်းကို ပါကစ္စတန်နိုင်ငံက လက်ခံရရှိကြောင်း ပါကစ္စတန် လေတပ်အရာရှိများကပြောကြားသည်။

အဆိုပါလေယာဉ်များမှာ ဆတ်ဘ်ဘီ ၂၀၀၀ ဗုံးကြဲလေယာဉ်များဖြစ်ပြီး ၂၀၀၆ ခုနှစ် ဇွန်လက စာချုပ်ချုပ်ဆိုဝယ်ယူခဲ့သော လေယာဉ်များဖြစ်သည်ဟု ၄င်းတို့က ပြောကြားသည်။

မလေးရှား၌ ကျောင်းသား ၆ဂဦး အစာအဆိပ်သင့်

မလေးရှားနိုင်ငံတွင် အစာအဆိပ်သင့်မှုကြောင့် ကျောင်းသား ၆၈ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေရကြောင်း၊ အစာအဆိပ်သင့်မှုမှာ မလေးရှားနိုင်ငံ ပီနန်ပြည်နယ် မြောက်ပိုင်း ဘူတာဝပ်မြို့ ဆင်ခြေဖုံးရှိ စာသင်ကျောင်းနှစ်ကျောင်း၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ပါကစ္စတန်၊ တွန်ဂါ၊ တန်ဇန်းနီးယားနှင့် ချီလီခေါင်းဆောင်များ တရုတ်သို့ အလည်အပတ်ခရီးသွားရောက်မည်

တရုတ်သမ္မတ ဟူကျင်တောင်၏ ဖိတ်ကြားချက်အရ လာမည့်သီတင်းပတ်အတွင်း ပါကစ္စတန်၊ တွန်ဂါ၊ တန်ဇန်းနီးယားနှင့် ချီလီနိုင်ငံခေါင်းဆောင်များ တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး လာရောက်ကြမည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

တွန်ဂါဘုရင် တူဖာဟွာတူပူသည် ဧပြီ ၉ ရက်မှ ၁၅ ရက်အထိ လည်းကောင်း၊ တန်ဇန်းနီးယားသမ္မတ ဂျာကာယာအမ်ရစ်ဟိုကီဝီတီမှာ ဧပြီ ၁၀ ရက်မှ ၁၅ ရက်အထိ လည်းကောင်း၊ ပါကစ္စတန်သမ္မတ ပါဗက်မူရှာရက်ဖ်က ဧပြီ ၁၀ရက်မှ ၁၅ရက်အထိ လည်းကောင်း၊ ချီလီသမ္မတမိုက်ကယ်ဘာချီလက်ဂျီရီရာက ဧပြီ ၁၁ ရက်မှ ၁၅ ရက်အထိလည်းကောင်း လာရောက်လည်ပတ်ကြမည်ဖြစ်သည်။

သူတို့အတွေးနှင့် အမြင်

* ***Try not to be a man of success but rather try to become a man of value.***

အောင်မြင်သောသူတစ်ယောက်ဖြစ်ရန်မဟုတ်ဘဲ တန်ဖိုးရှိသူ တစ်ယောက်ဖြစ်ရန်သာ ကြိုးစားပါ။

အိုင်းစတိုင်း
(ရူပဗေဒပညာရှင်)

* ***Nothing is so good as it seems forehand.***

ကြိုတင်တွေးမြင်သိရှိရသည်ထက် ကောင်းသောအရာဟူ၍မရှိ။

ဂျော့ချ်အီလီယော့ထ်
(အတွေးအခေါ်ပညာရှင်)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မာလူကူပြည်နယ် ကမ်းလွန်၌ ဧပြီ ၄ရက်က ရစ်ချ်တာစကေး ၆ဒသမ၂အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ မာလူကူပြည်နယ်ရှိ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားသည်။

➢ **နာဆာလွှတ်တင်ထားသော အင်္ဂါဂြိုဟ်လှည့်လာရေးယာဉ် ကက်စီနီက ဧပြီ ၄ရက်၌ မြေပြင်စခန်းသို့ ပေးပို့သောဓာတ်ပုံအရ စနေဂြိုဟ်၏ အရန်လတစ်စင်းဖြစ်သည့် အင်စီလာဒတ်စ်ပေါ်၌ ရေတွေ့ရှိကြောင်း နာဆာသုတေသန ပညာရှင်များက ပြောကြားသည်။**(အောက်ပုံ)



- အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဧပြီ ၄ရက်၌ အီဂျစ်နှင့်ဂါဇာသို့ မြေအောက်မှ ဖြတ်သန်းဖောက်လုပ်ထားသည့် ဥမင်သုံးခုကို ရှာဖွေတွေ့ရှိခဲ့ သည်။

➢ **တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်ကမ်းလွန်၌ ဧပြီ ၂ရက်က ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ တစ်ဦးပျောက်ဆုံးပြီး ကျန်သင်္ဘောသားငါးဦးကို ကယ်ဆယ်နိုင်ခဲ့သည်။**

- ကိုလံဘီယာနိုင်ငံ မက်ဒလင်မြို့၌ ဧပြီ ၄ရက်က အပူချိန် ၁၁၀ဒီဂရီဖာရင်ဟိုက်အထိ ရှိခဲ့ပြီး အပူလှိုင်းကျရောက်ခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။

➢ **တရုတ်နိုင်ငံရှိ တောင်တရုတ်ပင်လယ်ပြင်၌ ဧပြီ ၄ရက်က မုန်တိုင်းတိုက်ခတ်ခဲ့သဖြင့် ငါးဖမ်းလှေအများအပြား ပျောက်ဆုံးလျက်ရှိသည်။**

- အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး) ဒူဘိုင်းမြို့တွင် အဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ အလုပ်သမား ငါးဦးသေဆုံးခဲ့သည်။

➢ **နာဆာမှ သုတေသနပညာရှင်နှစ်ဦးသည် ဧပြီ ၄ရက်က အာကာသ၌ သေးငယ်သော တွင်းနက်တစ်ခုကို အာကာသနက္ခတ်တာရာ မှန်ပြောင်းဖြင့် ရှာဖွေကြည့်ရှုခဲ့ရာ နေဂြိုဟ်အရွယ်အစားထက် ၃ဒသမ ၈ဆ ကြီးသည့် တွင်းနက်တစ်ခုကို တွေ့ရှိခဲ့ကြသည် ဟုဆိုသည်။**

စိတ်ဝင်စားဖွယ်ရာ စိန့်ကစ်နှင့်နေဗီးစ်နိုင်ငံ

သတင်းအကျဉ်း

စိန့်ကစ်နှင့်နေဗီးစ်နိုင်ငံသည် ကာရစ်ဘီယံဒေသအရှေ့ပိုင်းတွင် တည်ရှိသည်။ ဗြိတိသျှကိုလိုနီဟောင်း ဤနိုင်ငံ၌ ပြည်သူအများစုမှာ အနောက်အာဖရိက ကျွန်းများမှ ဆင်းသက်ပေါက်ဖွားလာသူများ ဖြစ်သည်။

ထူထောင်

စိန့်ကစ်နှင့် နေဗီးစ်ကျွန်းများတွင် ခရစ္စတိုဖာကိုလံဘတ်က ၁၄၉၃ ခုနှစ်တွင် ခြေချခဲ့သည်။ ၁၆၂၃ ခုနှစ်တွင် ဗြိတိန်နိုင်ငံက စိန့်ကစ်ကျွန်းပေါ်တွင် ပထမဆုံး ကာရစ်ဘီယံကိုလိုနီကို ထူထောင်လိုက်သည်။ ၁၆၂၈ ခုနှစ်တွင် နေဗီးစ်ကျွန်း၌ ကိုလိုနီနယ်ပယ်ထူထောင်ပြန်သည်။ ၁၈၇၁ ခုနှစ်တွင် စိန့်ကစ်၊ နေဗီးစ်နှင့် အင်ဂီလာ ကျွန်းတို့ကို စုပေါင်းပြီး ဗြိတိသျှလက်အောက်သွင်းလိုက်သည်။

ဖြစ်လာ

၁၉၃၂ ခုနှစ်တွင် လွတ်လပ်ရေးတိုက်ပွဲဝင်ရန် ဗဟိုလက်ဝဲလေဘာပါတီကို ဖွဲ့စည်းသည်။ ၁၉၆၇ ခုနှစ်တွင် စိန့်ကစ်၊ နေဗီးစ်နှင့် အင်ဂီလာကျွန်းများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော အနောက်အင်ဒီးစ်နိုင်ငံများအဖွဲ့၌ အဖွဲ့ဝင်ဖြစ်လာပြီး လေဘာပါတီခေါင်းဆောင် ရောဘတ်ဘရက်ရှော ဝန်ကြီးချုပ် ဖြစ်လာသည်။

၁၉၇၀ ပြည့်နှစ်တွင် နေဗီးစ်ပြုပြင်ပြောင်းလဲရေးပါတီကို လွတ်လပ်ရေးတိုက်ပွဲဝင်ရန် ဖွဲ့စည်းသည်။ ၁၉၇၁ ခုနှစ်တွင် အင်ဂီလာကျွန်းကို ဗြိတိသျှတိုက်ရိုက်အုပ်ချုပ်မှုအောက်သွတ်သွင်းသည်။

ရှုံးနိမ့်

၁၉၈၃ ခုနှစ်တွင် စိန့်ကစ်နှင့် နေဗီးစ်ကျွန်းတို့ ဗြိတိသျှနေသဟာယ အဖွဲ့အတွင်း၌ လွတ်လပ်ရေးရရှိသည်။ စိန့်ကစ်နှင့် နေဗီးစ်နိုင်ငံ၌ ကနေဒီဆိုင်မွန်ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၉၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ကနေဒီဆိုင်မွန် ရှုံးနိမ့်ပြီး လေဘာပါတီခေါင်းဆောင်ဒင်ဇီဒေါက်ဂလပ် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

ခွဲထွက်ခွင့်

၁၉၉၇ ခုနှစ်တွင် နေဗီးစ်ကို စိန့်ကစ်မှ ခွဲထွက်ရေးဆုံးဖြတ်ရန် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရေးကို နေဗီးစ်ပါလီမန်က ခွင့်ပြုသဖြင့် ၁၉၉၈ ခုနှစ် ဩဂုတ်လ ပြည်သူ့ဆန္ဒခံယူပွဲတွင် ခွဲထွက်ရန် ထောက်ခံမဲ သုံးပုံနှစ်ပုံ မရရှိ၍ ခွဲထွက်ခွင့် မကြုံရတော့ပေ။

တင်မြှောက်

၂၀၀၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၀၄ခုနှစ် အောက်တိုဘာလ ရွေးကောက်ပွဲများတွင် ဒင်ဇီ ဒေါက်ကလပ်ကိုပင် ဝန်ကြီးချုပ်အဖြစ် ပြန်လည်တင်မြှောက်သည်။

၂၀၀၅ ခုနှစ် မတ်လတွင် ကြံခုတ်သိမ်းပြီးချိန်၌ အရှုံးပေါ်လာခဲ့သော သက်တမ်း ၃၀၀ရှိ ကြံလုပ်ငန်းကိုပိတ်ပစ်ရန် အစိုးရက ဆုံးဖြတ်လိုက်သည်။ ဟာရီကိန်းမုန်တိုင်းများက ဤနိုင်ငံကို မကြာမကြာ ဒုက္ခပေးတတ်သည်။

ခံစား

၁၉၈၃ခုနှစ်တွင် ဗြိတိသျှအုပ်စိုးမှုအောက်မှ လွတ်လပ်ရေးရပြီးကတည်းက စိန့်ကစ်နှင့် နေဗီးစ်ကျွန်းတို့ကို ဖက်ဒရေးရှင်းဖွဲ့စည်းပူးပေါင်းမှုမှာ ပန်းခင်းသောလမ်းမဟုတ်ပေ။ စိန့်ကစ်မှခွဲထွက်ရေးမှာလည်း ပြည်သူအများစုက လက်မခံသဖြင့် ခွဲမထွက်နိုင်။ စိန့်ကစ်ရှိဗဟိုအစိုးရသည် နေဗီးစ်ကျွန်းပြည်သူတို့၏လိုအပ်ချက်များကို လျစ်လျူရှုထားသည်ဟု ခံစားနေရသည်။

မြှင့်တင်

ကြံလုပ်ငန်းကို ရပ်လိုက်ရသည့်အတွက် အလုပ်လက်မဲ့များထူပြောလာရပြန်သည်။ ယခုအခါ ခရီးသွားလုပ်ငန်း၊ ကမ်းလွန်ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများကို ပို၍အာရုံစိုက် မြှင့်တင်ရမည်ဖြစ်သည်။ ဤနိုင်ငံ၏ ပင်လယ်ကမ်းခြေများ၊ လှပသောရှုခင်းများနှင့် နွေးထွေး၍ သာယာသော ရာသီဥတုက ခရီးသွားလုပ်ငန်းအတွက် အားတက်စရာများဖြစ်သည်။

နည်းလမ်းတကျ

သို့သော်လည်း ဤနိုင်ငံကို မူးယစ်ဆေးဝါးမှောင်ခိုသမားများနှင့် ငွေမည်းကိုခဝါချသူများ၏ အသုံးချမှုဘဝမကျရောက်အောင် တရားဥပဒေနည်းလမ်းတကျကာကွယ်ရမည်ကိုလည်း မျက်ကွယ်ပြု၍ မရပါချေပြီ။ ။

ကိုးကား-အင်တာနက်

တိုး - ရေးသားသည်

ယခုအခါ ခရီးသွားလုပ်ငန်း၊ ကမ်းလွန်ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများကို ပို၍အာရုံစိုက် မြှင့်တင်ရမည်ဖြစ်ရာ ဤနိုင်ငံ၏ ပင်လယ်ကမ်းခြေများ၊ လှပသော ရှုခင်းများနှင့် နွေးထွေး၍ သာယာသော ရာသီဥတုက ခရီးသွားလုပ်ငန်းအတွက် အားတက်စရာများဖြစ်။



ရီပတ်ဘလီကင်ပါတီမှ သမ္မတလောင်းဂျွန်မက်ကိန်း သမ္မတရွေးကောက်ပွဲ၌ တွဲဖက်ရမည့် ဒုတိယသမ္မတလောင်းရှာဖွေ

ဖလော်ရီဒါ ဧပြီ ၄

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် အထက်လွှတ်တော်အမတ် ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်း(အောက်ပုံ)က သူ့အမည်နှင့်အတူ ဒုတိယသမ္မတအဖြစ် အမည်စာရင်းတင်သွင်းကာ အတူဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် ဒုတိယသမ္မတဖြစ်နိုင်သူများကို စဉ်းစားရှာဖွေနေပြီဖြစ်ကြောင်း ဧပြီ ၃ရက်၌ ပြောကြားလိုက်သည်။



ဒုတိယသမ္မတနေရာအတွက် လူရွေးသည့်အခါ မိမိအသက်ကို ထောက်ရှုပြီး အသက်ကြီးကြီး ရွေးရန်ဆုံးဖြတ်ရကြောင်း ဖြင့်လည်း ဂျွန်မက်ကိန်းက ဟာသနှော၍ ပြောလိုက်သည်။ ဂျွန်မက်ကိန်းမှာ ယခုအခါ အသက် ၇၁နှစ် ရှိပြီဖြစ်သည်။

အသက်အကြီးဆုံး

အကယ်၍ အမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံရလျှင် သမ္မတများ အနက် ဂျွန်မက်ကိန်းသည် အသက်အကြီးဆုံး သမ္မတ ဖြစ်လာမည်ဖြစ်သည်။

စာရင်းပြုထား

ဂျွန်မက်ကိန်းမှာ သူနှင့်တွဲဖက်၍ ရွေးကောက်ပွဲဝင်မည့် ဒုတိယ သမ္မတနေရာ အတွက် လူရွေးချယ်မှုပြုလုပ်ရာ၌ ယခုအခါ ကနဦးအဆင့်သာ ရှိသေးသည်။ သို့သော် လူပေါင်း၂၀ခန့်ကို စာရင်းပြုထားသည်။

ရွေးချယ်

ရီပတ်ဘလီကင်ပါတီ အမျိုးသားညီလာခံကို မင်နီဆိုးတား ပြည်နယ် စိန့်ပေါလ်မြို့၌ စက်တင်ဘာလဆန်းတွင် ကျင်းပခြင်းမပြုမီ တွဲဖက်ရမည့် ဒုတိယသမ္မတတစ်ဦးကို ဂျွန်မက်ကိန်းကရွေးချယ်ရမည် ဖြစ်သည်။

ပြောကြား

ထိုကိစ္စကို အမြန်ဆုံးဖြစ်အောင် ပြီးစီးစေလိုသည်ဟု ဂျွန်မက်ကိန်းက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီ သမ္မတရွေးကောက်ပွဲ ထပ်မံပြုလုပ်လို

ဟာရာရေး ဧပြီ ၄

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီ**(အောက်ပုံ)**သည် ဒုတိယအကြိမ်မြောက် ရွေးကောက်ပွဲ ယှဉ်ပြိုင်ရန်အသင့်ရှိကြောင်း ၄င်း၏အာဏာရပါတီ ဇာနူပီအက်ဖ်ပါတီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဧပြီ ၃ရက်၌ ပြောကြားသည်။

ပြောကြား

မတ် ၂၉ရက်က ရွေးကောက်ပွဲရလဒ် အနေအထားအတိုင်း ဖြစ်လာခဲ့လျှင် ဒုတိယအကြိမ်မြောက် ရွေးကောက်ပွဲပြုလုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဘရိုက်မာဘွန်ဂါက ပြောကြားသည်။

အနိုင်ရ

သမ္မတရွေးကောက်ပွဲရလဒ်များ တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိသေးသော်လည်း အတိုက်အခံများက အနိုင်ရရှိကြောင်း ပြောကြားလျက်ရှိသည်။

ထုတ်လွှင့်ပြသ

မစ္စတာမူဂါဘီအား ရွေးကောက်ပွဲ ကျင်းပပြီးနောက် ဧပြီ ၃ရက်က ရုပ်မြင်သံကြားတွင် ပထမဆုံးအကြိမ် တွေ့ရခြင်းဖြစ်သည်။ နိုင်ငံပိုင်ရုပ်မြင်သံကြားက ဆီရာလီယွန်သမ္မတဟောင်း အာမက်တေဂျန်ကက်ဘက်နှင့် တွေ့ဆုံစဉ် သတင်းထုတ်လွှင့်ပြသခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)



ရုရှား၏ စစ်လက်နက်ပစ္စည်း တင်ပို့ရောင်းချမှု ယခုနှစ်တွင် ဒေါ်လာခုနစ်ဘီလီယံခွဲ ရရှိရန်မျှော်မှန်း

မော်စကို ဧပြီ ၄

ရုရှားနိုင်ငံသည် အမေရိကန်ပြီးလျှင် လက်နက်အများဆုံး တင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် ၂၀၀၈ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံဖိုးရှိ လက်နက်များပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန် မျှော်လင့်ထားကြောင်း ရုရှားစစ်လက်နက်ပစ္စည်း ထုတ်လုပ်သူများက ပြောကြားသည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ကိုးကားဖော်ပြ

ရုရှားနိုင်ငံ၏ လက်နက်တင်ပို့ရောင်းချမှုသည် လက်ရှိစံနှုန်းအတိုင်း ဆက်လက်ရောင်းချသွားနိုင်ပါက ၂၀၁၀ ပြည့်တိုင်အောင် နှစ်စဉ် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံခန့် ရရှိနိုင်လိမ့်မည်ဖြစ်ကြောင်း ရုရှားစွမ်းအင်နှင့် စက်မှုဝန်ကြီး၏ ပြောကြားချက်ကို အင်တာဖက်စ်သတင်းဌာနက ကိုးကားဖော်ပြသည်။

ဆိုင်းငံ့ထား

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှ လက်နက်အများဆုံး ဝယ်ယူသည့်နိုင်ငံဖြစ်ပြီး ဂျက်တိုက်လေယာဉ်များ အဓိကဝယ်ယူလျက်ရှိသည်။ သို့သော်လည်း လက်နက်ပစ္စည်းဈေးနှုန်းများ တန်ဖိုးမြင့်တက်မှုကြောင့် ဝယ်ယူရောင်းချရေးစာချုပ်များ ချုပ်ဆိုခြင်းကို ဆိုင်းငံ့ထားသည်။ မော်စကိုက အရှေ့အလယ်ပိုင်းဒေသ၊ အရှေ့တောင်အာရှနှင့် လက်တင်အမေရိကနိုင်ငံများသို့လည်း လက်နက်များ တိုးမြှင့်ရောင်းချလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အသက် ၇၇နှစ်ရှိ နီပေါအမျိုးသမီး ဧဝရက်တောင်ထိပ်သို့ တက်ရောက်မည်

ခတ္တမန္ဒူ ဧပြီ ၄

နီပေါနိုင်ငံတစ်ဝန်း လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုသည့် ၁၀ဦးပါ အမျိုးသမီးတောင်တက်အသင်း၌ အသက် ၇၇နှစ်ရှိ အဘွားတစ်ဦး ပါဝင်လျက် ယခု ဧပြီလတွင် ဧဝရက်တောင်ထိပ်သို့ တက်ရောက်ကြမည်ဖြစ်သည်။

တက်ရောက်

အဆိုပါ တောင်တက်အဖွဲ့ကို ဧဝရက်တောင်သို့ စံချိန် ၈နာရီ ၁၀မိ နစ်ဖြင့် အမြန်ဆုံး တက်ရောက်ခဲ့သော တောင်တက်သမား ပမ်ဘာဒေါ်ဂျီက ဦးဆောင်လျက် ဧပြီ ၁၄ရက်တွင် တက်ရောက်ကြမည်ဖြစ်ကြောင်း ဟိမဝန္တာတိုင်း(မ်) သတင်းစာက ရေးသားဖော်ပြသည်။

ပြောကြား

မိမိတို့ တောင်တက်အဖွဲ့သည် နိုင်ငံတော်တွင် အနှစ်နှစ်အလလက မျှော်လင့်စောင့်စားခဲ့သည့် တိုင်းပြုပြည်ပြု လွှတ်တော်အောင်ပွဲအထိမ်းအမှတ်အဖြစ် ဧဝရက်တောင်ထိပ်သို့ တက်ရောက်ကြတော့မည် ဖြစ်ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

ဆုံးဖြတ်

တိုင်းပြု ပြည်ပြု လွှတ်တော်ရွေးကောက်ပွဲများကို ဧပြီလတွင် ကျင်းပ၍ တိုင်းပြုပြည်ပြုလွှတ်တော်ကို ဖွဲ့စည်းရန် အနာဂတ် နီပေါနိုင်ငံရေးအဖွဲ့အစည်းများက ဆုံးဖြတ်ကြမည် ဖြစ်သည်။

ကြိုးစား

နီပေါနိုင်ငံတစ်ဝန်းမှ အမျိုးသမီးများသည် ဧဝရက်တောင်သို့ စံချိန်တင်တက်ရောက်ရန် စိတ်ဝင်တစားရှိကြကြောင်း၊ နိုင်ငံခြားသားအမျိုးသမီး အများအပြားလည်း ဧဝရက်တောင်သို့ တက်ရောက်ခြင်းဖြင့် စံချိန်တင်လျက်ရှိကြောင်း၊ မိမိတို့ နီပေါအမျိုးသမီးများသည်လည်း အခြားနိုင်ငံများမှ အမျိုးသမီးများနည်းတူ အရည်အသွေးကို ပြသပြီး ကမ္ဘာ့စံချိန်တင်အောင် ကြိုးစားရမည်ဖြစ်ကြောင်း ၄င်းကပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လာနီညာအကျိုးဆက် နိုင်ငံအများအပြားသို့ ရိုက်ခတ် ယခုနှစ်တွင် ကမ္ဘာ့အပူချိန် လျော့ကျနိုင်မည်ဟုဆို

နယူးယောက် ဧပြီ ၄

ကမ္ဘာ့အပူချိန်သည် ၂၀၀၇ခုနှစ်ကထက် ယခုနှစ်၌ အပူချိန် လျော့နည်းလာမည်ဖြစ်ကြောင်း၊ ယင်းမှာပစိဖိတ်သမုဒ္ဒရာ၌ လာနီညာဖြစ်ပေါ်နေ၍ဖြစ်ကြောင်း ကုလသမဂ္ဂမှ မိုးလေဝသဆိုင်ရာ သုတေသနရှင်များက ဧပြီ ၄ရက်၌ ပြောကြားသည်။

ကြုံတွေ့မည်

လာနီညာအကျိုးဆက်ကို ယခုနှစ်နွေရာသီမှ စတင်ကာ ကမ္ဘာ့နိုင်ငံနှင့် ဒေသအများအပြားတွင် ကြုံတွေ့ရမည်ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး မိုက်ကယ်ဂျာရပ်ဒ်က ပြောကြားသည်။ ကမ္ဘာ့အပူချိန်သည် ၁၉၉၈ခုနှစ်ကတည်းက တဖြည်းဖြည်း မြင့်တက်လာပြီး လွန်ခဲ့သည့် ငါးနှစ်အတွင်း အပူချိန်ပိုမို မြင့်တက်ခဲ့သော်လည်း ယခု ၂၀၀၈ခုနှစ်၌ ကမ္ဘာ့အပူချိန် လျော့ကျမည်ဖြစ်ပြီး နိုင်ငံအချို့၌ ဆီးနှင်းများ ဆိုးရွားစွာကျဆင်းမှုနှင့်**(ယာပုံ)** ကြုံတွေ့ရမည်ဟု မိုက်ကယ်လ်ဂျာရပ်ဒ်က ပြောကြားသည်။ **(အင်တာနက်)**



ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား ငါးဦး သေဆုံး၊ လေးဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ ဧပြီ ၄ရက် နံနက် ၇နာရီခန့်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ အီရတ်ပြည်သူငါးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။**(ဝဲပုံ)**

ဗုံးပေါက်ကွဲ

အခင်းဖြစ်ပွားရာအရပ်မှာ ဘဂ္ဂဒက်မြို့တောင်ပိုင်း လူစည်ကားရာလမ်းမကြီးပေါ်၌ ရပ်ထား သော အမေရိကန်စစ်ယာဉ်တစ်စီးနှင့် မလှမ်းမကမ်းတွင် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း အီရတ်ရဲတပ်ဖွဲ့ကပြောကြားသည်။

ဘဂ္ဂဒက်မြို့တွင် ဧပြီ ၃ရက်ကလည်း လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားပြီးနောက် အီရတ်ရဲတပ်ဖွဲ့ဝင် သုံးဦးဒဏ်ရာရရှိခဲ့သည်။

သေဆုံး

ထို့အတူ ဘာဆာရာမြို့၌လည်း ဧပြီ ၃ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အီရတ်ပြည်သူ ၁၀ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ၎င်းတို့ကဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဖခင်ကြီးဦးမောင်မောင် သုံးနှစ်ပြည့်အား ရည်စူး၍ ရန်ကုန်တိုင်း ကမာရွတ် မြို့နယ် ၁ရပ်ကွက် အင်းစိန်လမ်း ခြံအမှတ်(၂၉)နေ ဇနီး ဒေါ်ခင်ကြည်နှင့် သားသမီး၊မြေးတို့၏ ကောင်းမှုအဖြစ် ဒဂုံမြို့နယ် အမှတ်၁၂စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက ရွှေရတု ငွေရတု ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးသက်ဝေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိုင်းရင်းသား ရင်သွေးငယ်များအား ရှင်ပြု၊ နားသမင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၄

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဇနီးဒေါ်မိုးသီတာ၊ သမီး ခင်အင်ကြင်း၊ အစ်ကိုများဖြစ်ကြသော ကိုတိုး(ခ)ကိုလှမြင့်၊ ကိုစိုး(ခ)ကိုသန့်ဇင်၊ ကိုဖြိုး(ခ)ကိုသစ်ဦးနှင့် ဇနီး မတင်စန္ဒာအေး၊ ညီအစ်ကိုမောင်နှမများက မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၏ နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိကအားအမှူးထား၍ ဆိပ်ဖူးတောင်ပရဟိတဂေဟာရှိ နယ်စပ်ဒေသများမှ တိုင်းရင်းသားတိုင်းရင်းသူကလေးများအား ပဗ္ဗဇ္ဇအမွေဖြစ်သော ရှင်ပြု၊ နားသအလှူမင်္ဂလာပွဲနှင့် ပဋ္ဌာနဓမ္မပူဇာပွဲတော်ကြီးကို မိဘများဖြစ်ကြသည့် ဦးခင်မောင်မောင် [အငြိမ်းစား ဒုတိယဝန်ကြီး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန]နှင့် ဒေါ်မိမိခင်(အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ၊ လူမှုထူးချွန်ပထမဆင့်၊ ယခင်မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ)တို့အား ရည်စူး၍ မတ် ၂၉ရက် နံနက် ၉နာရီက အဆိုပါ ဆိပ်ဖူးတောင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆက်ကပ်

အလှူတော်မင်္ဂလာအခမ်းအနားတွင် အလှူရှင်နှင့် ဧည့်ပရိသတ်များက ကော့ထင်းကျေးရွာ ရွှေကျောင်းဆရာတော် ဘဒ္ဒန္တကုသလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ပရိသတ်များက တရားတော်များနာယူကြကာ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။ **(က-ပ)**

ခရမ်းဝ မဟာစည်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း တွံတေးမြို့နယ် ခရမ်းဝကျေးရွာ ခရမ်းဝမဟာစည် သာသနာ့ရိပ်သာတွင် ဧပြီ၈ရက်မှ ၁၇ရက်အထိ ကိုးရက်သင်္ကြန်တွင်း တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာစည် နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ၊ သာသနတက္ကသီလဓမ္မာစရိယ၊ B.A (Buddhism) ခရမ်းဝဆရာတော်အရှင်ဓမ္မရာဇာ၊ ခရမ်းကြီး ဆရာတော် ဘဒ္ဒန္တနန္ဒိယ(ဓမ္မာစရိယ) မင်းဘုန်းဆရာတော် အရှင်ကုဏ္ဍောဘာသတို့က နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသည့် ယောဂီများ၊ လှူဒါန်းလိုသည့် ကုသိုလ်ရှင်များသည် ဦးသောင်းလှိုင်-ဒေါ်စိန်လှိုင် သောင်းကြီးလေး လှိုင်သာယာ ဖုန်း-၇၀၅၃၅၆၊ ရဟန်းမယ်တော် ဒေါ်ဆောင်းတင် ဥက္ကံမြို့၊ ဦးလှဝင်း-ဒေါ်အေးအေးသန်း ဖုန်း-၇၀၆၂၀၄၊ ဆရာမဒေါ်ကေသီခင်၊ဒေါ်မြင့်မြင့်ဦး စစ်ကွင်းမြို့နှင့် ဦးအေးရွှေ သဲကုန်းမြို့ သစ်နီတော တို့သို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သာဓုကန် မဟာစည်သင်္ကြန် အထူးတရားစခန်း

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် သာဓုကန်ကျေးရွာ ပုညသင်္ဂဟကျောင်း၌ ၁၃၇၀ ပြည့်နှစ် တန်ခူးလဆန်း ၅ရက်မှ ၁၂ရက် (ဧပြီ၁၀ရက်မှ၁၇ရက်)အထိ သင်္ကြန်အထူးတရားစခန်းပွဲကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသောယောဂီများ လာရောက်စာရင်းပေးသွင်းကြပါရန် လေးစားစွာဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

မြင်းကကုန်း အထက ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဧပြီ ၄

ဘိုကလေးမြို့နယ် မြင်းကကုန်း အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာ ပူဇော်ပွဲကို ဧပြီ ၁၇ရက်(နှစ်ဆန်းတစ်ရက်နေ့တွင်) မြင်းကကုန်းအထက၏ မူလတန်းကျောင်းဆောင်တွင် ကျင်းပမည်ဖြစ်သည်။ အငြိမ်းစားဆရာကြီး ဆရာမကြီးများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများက အလှူငွေနှင့် လှူဖွယ်ပစ္စည်းကို ရန်ကုန်မြို့ ဒေါ်ဆွေဆွေဝင်း ဖုန်း-၀၉-၅၁-၃၉၁၂၉၊ ကိုအောင်နိုင်ဝင်း ဖုန်း-၀၉-၅၁-၅၁၈၉၃၊ ၀၁-၅၄၂၀၁၅၊ ကိုသက်ချစ်ဦး(စိုးဝင်း-အီလက်ထရွန်နစ်)ဖုန်း-၀၁-၃၈၅၀၀၇၊ ကိုစိုင်းညီ ဖုန်း-၀၁-၇၀၅၆၄၉၊ မြင်းကကုန်းမြို့ ကိုမိုးဝင်း ဖုန်း-၀၄၅-၂၁၂၃၀၊ မအိအိတိုးဟန် ဖုန်း-၀၄၅-၂၁၂၃၇၊ လိုင်းခွဲ-၈၁နှင့် ကိုစိုးမိုး(ဒင်္ဂါးကဖီး) ဖုန်း-၀၄၅-၂၁၂၃၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရထားလမ်းနှင့် ဘူတာရုံများ သန့်ရှင်းသာယာလှပရေး အရှိန်အဟုန်မပျက်ဆောင်ရွက် ခရီးသည် ပိုမိုတင်ဆောင်နိုင်သော လူစီးတွဲများဖြင့် အချိန်မှန်ပြေးဆွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ဖြာရီခွဲက ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိပြီး မြို့ပတ်အထူးရထားဖြင့် မြို့ပတ်ရထားလမ်းတစ်လျှောက် ရထားသံလမ်းများ ကြံ့ခိုင်မှုအခြေအနေ၊ ရထားလမ်း၏ လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပမှု၊ ဘူတာဝန်းကျင် သန့်ရှင်းသာယာလှပမှု၊ စားဖိုဆောင်သီးနှံစိုက်ခင်းများ စိုက်ပျိုးထားရှိမှု၊ ရထားလမ်းကူးတံတားများ အခြေအနေနှင့် ရထားလမ်းဘူတာရုံများ လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ**(အပေါ်ပုံ)** မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)ဦးမြင့်ဝေနှင့် ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် ရန်ကုန်ဘူတာကြီး ဧည့်ခန်းမ၌ တိုင်းမှူးက ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက်နှင့် ဘူတာရုံများ သန့်ရှင်းသာယာလှပရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ရပ်ကွက်များနှင့် ဘူတာရုံများကို ပြိုင်ပွဲကျင်းပ၍ သုံးလတစ်ကြိမ်ဆုချီးမြှင့်သွားရေး၊ ရထားလမ်းနှင့်ဘူတာရုံများကြံ့ခိုင်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် လုံခြုံရေးများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရေး၊ သန့်ရှင်းသပ်ရပ်ပြီး ခရီးသည် ပိုမိုတင်ဆောင်နိုင်သော လူစီးတွဲများဖြင့် အချိန်မှန်ပြေးဆွဲသွားနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ၄ရက်က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF) တို့ ပူးပေါင်း၍ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းကို ဘရူနိုင်းနိုင်ငံ ဒါရုဆလမ်မြို့တွင် ဧပြီ ၅ရက်မှ ၉ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)နှင့် ဦးကိုကိုသိန်းတို့ သင်တန်းတက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီတွေ့ရစဉ်။ (က-ပ)

မြန်မာစတေရှင်ဝက်ဂွန်ကားများ စျေးနှုန်းသင့်တင့်စွာထုတ်လုပ် အရည်အသွေးနှင့် စံချိန်စံညွှန်းကိုက်ညီမှုရှိအောင်ဆောင်ရွက်

နေပြည်တော် ဧပြီ ၄

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၉ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ပန်းတောင်းမြို့နယ်ရှိ အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ထုံးဘို)၌ စက်ရုံဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားပြီး စက်ရုံ၏ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးအား တပ်ဆင်ရေးအလုပ်ရုံ၌ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းနှင့် စက်ရုံအထွေထွေမန်နေဂျာ ဦးတင့်လွင်တို့က မြန်မာစတေရှင်ဝက်ဂွန်ကားများ တပ်ဆင်ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ထုတ်လုပ်လျက်ရှိသည့် မြန်မာစတေရှင်ဝက်ဂွန်ကားများကို အဆင့်မီမီနှင့် စျေးနှုန်းသင့်တင့်စွာ ထုတ်လုပ်သွားနိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်သွားကြရေး၊ ထုတ်လုပ်ပြီး မော်တော်ယာဉ်များအား သတ်မှတ်ချက်များအတိုင်း စနစ်တကျ စစ်ဆေးရေး၊ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများကိုက်ညီမှုရှိစေရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် မတ် ၃၁ ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပန်းတောင်းမြို့နယ် ဆင်တဲရှိ အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများကို လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ရေး၊ ထုတ်လုပ်မှုအပိုင်း တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် စနစ်တကျ စီမံဆောင်ရွက်ရေး၊ လယ်ယာလုပ်ငန်းများအတွက် အသုံးဝင်မည့် ခေတ်မီစက်ကိရိယာအမယ်သစ်များ တိုးတက် တီထွင်ထုတ်လုပ်သွားရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

◆ ကျောဖုံးမှ

ယင်းသို့ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် လျက်ရှိရာ၌ ဘက်စုံထောင့်စုံ ကဏ္ဍစုံတို့မှ ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာန အသီးသီးရှိသည့်အနက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ၎င်းတို့ နေ့မအားညမနားဆောင်ရွက်ချက်ကဏ္ဍများကို ပြည်သူသို့အသိပေးတင်ပြနိုင်ရန်အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများကို တွေ့ဆုံမေးမြန်း၍ ဤသတင်းဆောင်းပါးကို ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

လိုအပ်ချက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရာ၌ လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်သည်။

အဆမတန်များပြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်သည် မြင့်မားလာပြီး စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်ကြီးများနှင့် အဆင့်မြင့်အိမ်ရာများ၊ လူနေမှုဘဝအဆင့်အတန်းများ စသည်တို့တွင် ခေတ်မီနည်းပညာများနှင့် စက်ကိရိယာများကို ပိုမိုအသုံးပြုလာကြသဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည်လည်း အဆမတန် များပြားလာပါသည်။

ဖွံ့ဖြိုးလာမည်

နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးတို့အပါအဝင် ဘက်စုံကဏ္ဍစုံအတွက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ပထမဦးစွာ အရေးအကြီးဆုံးသော အခြေခံအဆောက်အအုံ (The Most Basic Important Infrastructure)မှာ လျှပ်စစ်ဓာတ်အားဖြစ်သည်။ လျှပ်စစ်ဓာတ်အားကဏ္ဍကို ခိုင်မာအောင် တည်ဆောက်ပြီးနောက် ကျန်ရှိသော စီးပွားရေးလုပ်ငန်းကြီးများကို ရှင်သန်ကြီးမား တိုးတက်အောင် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာပါမည်။

အရေးကြီး

စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံ၌ လယ်ယာထွက်ကုန်များဖြစ်သည့် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ကြံစသည်တို့ကို ကုန်ချောအဖြစ် အသွင်ပြောင်းရာတွင် ခေတ်မီစက်ရုံကြီးများလည်ပတ်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားကို တောင်းခံအသုံးပြုကြရပါသည်။ ထို့အတူ စိုက်ပျိုးရေ ရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်းများ၊ သတ္တုကဏ္ဍအတွက် သတ္တုတူးဖော်ခြင်း၊ ဓာတုဗေဒကုန်ထုတ်လုပ်ငန်းနှင့် ဆေးဝါးလုပ်ငန်းများ၊ စက္ကူ၊ ပျော့ဖတ်စက်ရုံကြီးများ၊ ဆေးဝါးစက်ရုံ၊ ချည်မျှင်နှင့် အထည်စက်များ၊ ဆက်သွယ်ရေးလုပ်ငန်းအတွက် အိတ်ချိန်းများ၊ ကွန်ပျူတာဆာဗာများ၊ တည်ဆောက်ရေးလုပ်ငန်းအတွက် အရေးပါသော ဘိလပ်မြေစက်ရုံကြီးများနှင့် သံရည်ကျို စက်ရုံကြီးများ၊ နိုင်ငံတစ်ဝန်းပေါကြွယ်ဝလှသည့် သားငါးများ ထုတ်လုပ်၍ ပြည်ပပို့ကုန်ဆောင်ရွက်ရန်အတွက် အရေးပါလှသည့် အအေးခန်းစက်ရုံနှင့် ရေခဲစက်များ၊ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများ၊ လေဆိပ်များ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် အသုံးပြုရသည့် လမ်းမီးများ၊ ယာဉ်အန္တရာယ်ကင်းရေးဆောင်ရွက်ရန် သုံးရသည့် မီးပွိုင့်များ၊ ပညာရေးကဏ္ဍအတွက် သင်ကြားမှုအထောက်အကူပြုပစ္စည်းများ၊ လူတို့၏ကျန်းမာရေးအတွက် စမ်းသပ်ရေးနှင့် ကုသရေးတွင်အသုံးပြုရသည့် ခေတ်မီအီလက်ထရွန်နစ်စက်ကြီးများ စသည်တို့အတွက် လျှပ်စစ်ဓာတ်အားသည် အရေးကြီးလှပါသည်။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ် လုံလောက်စွာ ရရှိအသုံးပြုမှသာ ဘက်စုံကဏ္ဍစုံ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများ အားလုံးသည်လည်း လျှပ်စစ်စွမ်းအားကဏ္ဍကိုဦးစွာ အကောင်အထည်ဖော် တည်ဆောက်ခဲ့ကြရပါသည်။

လိုအပ်

လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ဓာတ်အားပေးစက်ရုံကြီးများ တည်ဆောက်ရာ၌ ငွေကြေးကြီးမားစွာ ရင်းနှီးမြှုပ်နှံရပြီး စက်ရုံမှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို ပြည်သူလူထုထံသို့ အရောက်ဖြန့်ဖြူးပေးနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားခွဲရုံငယ်များ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို တစ်နိုင်ငံလုံးအနှံ့ ဖြန့်ကြက်တည်ဆောက်ရသဖြင့် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးရေးလုပ်ငန်းများအတွက် ရင်းနှီးရန် လိုအပ်မှုပမာဏသည် ဓာတ်အားပေးစက်ရုံစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံရသည့် ငွေကြေးပမာဏထက် နှစ်ဆခန့်ကို ထပ်မံရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။



အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ဧရာဝတီမြစ်ကို ကျော်ဖြတ်၍ မဟာဓာတ်အားလိုင်းများ တည်ဆောက်တပ်ဆင်ထားသည်ကို ဤသို့တွေ့ရသည်။

ရည်မှန်းချက်ထား

ယင်းကဲ့သို့ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်တည်ဆောက်ရာတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှုများသကဲ့သို့ အချိန်ကာလ နှစ်အပိုင်းအခြားတစ်ခုအထိကို အချိန်ယူကာ အကောင်အထည်ဖော် တည်ဆောက်ကြရပါသည်။ သို့ပါ၍ ထိုကဲ့သို့ ဆောင်ရွက်နေဆဲ ယခုကာလ အတွင်းတွင် ပြည်သူလူထုတို့အနေဖြင့် လျှပ်စစ်ဓာတ်အား မလုံလောက်မှု အခြေအနေကို လာမည့်နှစ်များအတွင်း ကျော်ဖြတ်နိုင်ရန် အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက်ထား၍ ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

ပျက်စီးခဲ့

မြန်မာ့လျှပ်စစ်ဓာတ်အားသမိုင်းကို ရေးသားတင်ပြရလျှင် အစောဆုံးသော လျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ မိုးကုတ်ပတ္တမြားမိုင်းတူးဖော်ရေးကုမ္ပဏီမှ ၁၈၉၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သော မိုးကုတ်ရေအားလျှပ်စစ်စက်ရုံဖြစ်ပါသည်။ မိုးကုတ်မြို့ကို လှည့်ပတ်စီးဆင်းနေသော ရေနီမြောင်းကို အသုံးပြု၍ မြို့၏တောင်ဘက်ခြောက်ထပ်ကြီးချိုင့်တွင် ကီလိုဝပ် ၄၆၀အရွယ် စက်ရုံတည်ဆောက်ကာ ၁၈၉၈ခုနှစ်မှစ၍ ပတ္တမြားမိုင်းလုပ်ငန်းတွင် စတင်အသုံးပြုခဲ့ပါသည်။ အဆိုပါ ရေအားလျှပ်စစ်စက်ရုံနှင့် ရေသယ်လမ်းကြောင်း တစ်လျှောက်တွင် အဖိုးတန်ကျောက်မျက် ရတနာများ တူးဖော်ရရှိသည်ဆိုပြီး မသမာသူကျောက်တူးသမားအချို့ကြောင့် ၁၉၆၄-၆၅ခုနှစ်တွင် ပျက်စီးခဲ့ပါသည်။

ရောင်းချ

၁၉၀၅ခုနှစ်တွင် ရန်ကုန်မြို့၌ ဓာတ်ရထားပြေးသောလုပ်ငန်းလုပ်ကိုင်သည့် ရန်ကုန်ဓာတ်ရထားကုမ္ပဏီ Rangoon Electric Tramway & Supply Company (RET & S)မှ အလုံမြို့နယ်တွင် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံတည်ဆောက်ကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်အသုံးပြုခဲ့ပါသည်။ ဓာတ်ရထားအသုံးပြုရန် အလုံမြို့နယ်အတွင်းရှိ ကားရက်ဓာတ်အားခွဲရုံနှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ လိပ်ကန်ဓာတ်အားခွဲရုံတို့တွင် အေစီဓာတ်အားကို ဒီစီဓာတ်အားသို့ ပြောင်းလဲပေးပါသည်။ ဓာတ်ရထားအတွက် အသုံးပြုပြီး ပိုလျှံသောဓာတ်အားကို လမ်းမီးများထွန်းပေးခြင်းနှင့် ရန်ကုန်မြို့ပြည်သူလူထု အလင်းရောင်သုံးအဖြစ် အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ၁၉၀၇ခုနှစ်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်း၌ ပထမဆုံး လျှပ်စစ်လမ်းမီးထွန်းခဲ့ပါသည်။ ရန်ကုန်ဓာတ်ရထားကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ပထမဆုံးလျှပ်စစ်ဓာတ်အား ရောင်းချသည့် အဖွဲ့အစည်းဖြစ်သည်။

ထည့်သွင်း

မြန်မာ့လွတ်လပ်ရေးအကြိုခေတ်တွင် အမျိုးသားခေါင်းဆောင်ကြီးများက နိုင်ငံအတွက် စီမံကိန်းရေးဆွဲရာ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ခေတ်မီစွာတိုးချဲ့လုပ်ကိုင်ရေး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် သာမန်စက်မှုလုပ်ငန်းကို ပြည်တွင်းထွက် သယံဇာတပစ္စည်းများဖြင့် ပြုလုပ်ရေးတို့မှာ အရေးကြီးသည်။ ဤအခြေအနေတွင် လျှပ်စစ်ဓာတ်အားကို နိုင်ငံနှင့်အဝန်း ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ဖောဖောသီသီ အသုံးပြုနိုင်ရမည်ဖြစ်သည်။ မြန်မာပြည်တွင် ရေအားလျှပ်စစ်ဓာတ်အားသာလျှင် ထုတ်လုပ်မှုစရိတ် အကျဉ်းဆုံးဖြစ်၍ ရေအားလျှပ်စစ်စီမံကိန်းများ အမြန်ဆုံး အကောင်အထည်ဖော်ရန်ဟူသော ဆုံးဖြတ်ချက်ကို ၁၉၄၇ ခုနှစ် ဇွန်လတွင် စတင်ရေးဆွဲသည့် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားတိုးတက်ရေး နှစ်နှစ်စီမံကိန်း (ဆိုရှယ်လစ်ဗီလာစီမံကိန်း)တွင် ထည့်သွင်းခဲ့ကြပါသည်။

ပါဝင်ခဲ့

၁၉၅၁ခုနှစ် အောက်တိုဘာလ ၁ရက်နေ့တွင် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ Electricity Supply Board (ESB) ကို စက်မှုလက်မှုဝန်ကြီးဌာနအောက်၌ ၁၉၄၈ခုနှစ် လျှပ်စစ်ဓာတ်အားပေးရေးအက်ဥပဒေနှင့်အညီ စတင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၇၂ခုနှစ် မတ်လ ၁၆ရက်နေ့တွင် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(ESB)ကို လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်း Electric Power Corporation (EPC) ဟု ထပ်မံပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၇၅ခုနှစ် ဧပြီလ ၁ရက်နေ့တွင် စက်မှုလက်မှုဝန်ကြီးဌာနအား အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့ရာ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း(EPC)သည် အမှတ်(၂) စက်မှုဝန်ကြီးဌာန လက်အောက်တွင် ပါဝင်ခဲ့ပါသည်။

ဖွဲ့စည်း

၁၉၈၅ခုနှစ် ဧပြီလ ၁၂ရက်နေ့တွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ စွမ်းအင်ဝန်ကြီးဌာနသို့ တိုးချဲ့ဖွဲ့စည်းရာ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းသည် စွမ်းအင်ဝန်ကြီးဌာနလက်အောက်တွင် ပါဝင်ခဲ့ပါသည်။ ၁၉၈၉ခုနှစ် ဧပြီလ ၁ရက်နေ့မှစ၍ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း(EPC)ကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း Myanma Electric Power Enterprise (MEPE) ဟု ပြင်ဆင်ဖွဲ့စည်း ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ၁၉၉၇ခုနှစ် နိုဝင်ဘာလ ၁၅ရက်နေ့တွင် စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်စွမ်းအား [illegible] ဖွဲ့စည်းရာတွင် လျှပ်စစ်စွမ်းအားဝန်[illegible] လျှပ်စစ်စွမ်းအားဦးစီးဌာန မြန်မာ့လျှပ်စ[illegible] ရေအားလျှပ်စစ်ဦးစီးဌာန သုံးဌာနဖြင့် ဖွဲ့စ[illegible]

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် [illegible] ၂၀၀၆ ခုနှစ် မေလ ၁၅ရက်နေ့တွင် လျှပ်စ[illegible] အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အ[illegible] ဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ရာ အ[illegible] ဝန်ကြီးဌာနလက်အောက်တွင် လျှပ်စစ်စွမ်[illegible] လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်ဓာတ်အ[illegible] ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး [illegible] ခဲ့ပါသည်။

တာဝန်ယူ

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌ[illegible] ဓာတ်အားပေးစက်ရုံကြီးများ တည်ဆောက်[illegible] ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများအပြင် [illegible] Hydro)နှင့် အသေးစားရေအား(Micro-Hydr[illegible] စက်ရုံများ အကောင်အထည်ဖော်ရေးကိုပါ [illegible] ဆောင်ရွက်ရပါသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီ[illegible] ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ တည်[illegible] ထုတ်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ နိုင်ငံတ[illegible] လိုင်းကြီးများနှင့် ပင်မဓာတ်အားခွဲရုံကြီ[illegible] ထိန်းသိမ်းပြုပြင်ခြင်းနှင့် တစ်နိုင်ငံလုံးရှိ ပြ[illegible] လျှပ်စစ်ဓာတ်အား သယ်ပို့ဖြန့်ဖြူးပေးရေး လု[illegible] ဆောင်ရွက်ရပါသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး[illegible] ရည်မှန်းချက် တာဝန်(၉)ရပ်ကို ချမှတ်၍ [illegible]

(က) ရေအားလျှပ်စစ်ကို အခြေခံစွမ်းအင[illegible] သုံးစွဲ၍ သဘာဝဓာတ်ငွေ့သုံး လျှ[illegible] စွမ်းအင်(Peak Load)အဖြစ် အသုံ[illegible]

(ခ) သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်[illegible] များတွင် သဘာဝဓာတ်ငွေ့သုံးစွဲမှု [illegible] အပူရှိန်သုံးစွဲခြင်းဖြင့် လျှပ်စစ်[illegible] (Combined Cycle Power Gene[illegible] ရန်။

(ဂ) မဟာဓာတ်အားလိုင်းစနစ်ကို တိ[illegible] စက်မှုဇုန်များနှင့် လက်ရှိဒီဇယ်စ[illegible] လျက်ရှိသော မြို့/ရွာများကို [illegible] ဆက်သွယ်ဓာတ်အားပေးရန်။

(ဃ) ဓာတ်အားသယ်ပို့ဖြန့်ဖြူးမှုအပိုင်း[illegible] အရည်အသွေးကို စံချိန်စံညွှန်းနှင့်အ[illegible] ဆောင်ရွက်ရန်။

(င) ဓာတ်အားစနစ်အတွင်း ဓာတ်အ[illegible] နှင့်အချိန် လျှော့နည်းနိုင်သမျှလျှေ[illegible] သွားရန်။

(စ) ထုတ်လုပ်သည့်ဓာတ်အားကို အ[illegible] စနစ်အား ဖော်ဆောင်ရန်။

(ဆ) ဓာတ်အားပျောက်ဆုံးမှု ပမာ[illegible] ဓာတ်အားသုံးစွဲနိုင်မှု ပမာဏမြင့်မာ[illegible]

(ဇ) ပင်မဓာတ်အားစနစ်မှ အလှမ်းကွ[illegible] ပြည်သူ လူထုမှပူးပေါင်းပါဝင်မှု[illegible] mass)ကဲ့သို့ အစားထိုးစွမ်းအင် (A[illegible] ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွ[illegible] မှုဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့[illegible]

(ဈ) အနာဂတ် လျှပ်စစ်ဓာတ်အား လို[illegible] ပေးရာတွင် သဘာဝပတ်ဝန်းကျင်[illegible] အထောက်အကူဖြစ်စေသော နေရော[illegible] လျှပ်စစ်(Wind Power)၊ ဘူမိအ[illegible] ဒီလှိုင်း(Tidal)ကဲ့သို့ သမားရိုးက[illegible] (Non-Conventional Energy)ဖြ[illegible] ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရန်။

မြန်မာနိုင်ငံ၏ လျှပ်စစ်သမိုင်းကြောင်း[illegible] အခြေအနေ၊ တည်ဆောက်ပြီး မဟာဓာတ်အာ[illegible] ရုံကြီးများ၊ ဆောင်ရွက်လျက်ရှိသော ဓာတ်အာ[illegible] ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ၊ [illegible] အခြေအနေ၊ လျှပ်စစ်စွမ်းအားဆိုင်ရာ သိမှတ်ဖွ[illegible] အစားထိုးစွမ်းအင် အသုံးပြု၍ ဓာတ်အားထုတ်[illegible] များကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါသ[illegible]

စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်၌ လျှပ်စစ်စွမ်းအားဦးစီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ရေအားလျှပ်စစ်ဦးစီးဌာန သုံးဌာနဖြင့် ဖွဲ့စည်းခဲ့ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၆ ခုနှစ် မေလ ၁၅ရက်နေ့တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ရာ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနလက်အောက်တွင် လျှပ်စစ်စွမ်းအားဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့လေးဌာနဖြင့် ဖွဲ့စည်းခဲ့ပါသည်။

တာဝန်ယူ

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ တည်ဆောက်ရေးနှင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများအပြင် အလတ်စားရေအား(Mini-Hydro)နှင့် အသေးစားရေအား(Micro-Hydro) လျှပ်စစ်ဓာတ်အားပေးစက်ရုံများ အကောင်အထည်ဖော်ရေးကိုပါ အဓိကထား တာဝန်ယူဆောင်ရွက်ရပါသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း၊ ဓာတ်အားထုတ်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ နိုင်ငံတစ်ဝန်းတွင် မဟာဓာတ်အားလိုင်းကြီးများနှင့် ပင်မဓာတ်အားခွဲရုံကြီးများတည်ဆောက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုထံသို့အရောက် လျှပ်စစ်ဓာတ်အား သယ်ပို့ဖြန့်ဖြူးပေးရေး လုပ်ငန်းများအား တာဝန်ယူဆောင်ရွက်ရပါသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အောက်ပါရည်မှန်းချက် တာဝန်(၉)ရပ်ကို ချမှတ်၍ ဆောင်ရွက်လျက်ရှိသည်-

(က) ရေအားလျှပ်စစ်ကို အခြေခံစွမ်းအင်(Base Load) အနေဖြင့် သုံးစွဲ၍ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်စွမ်းအားကို အကူစွမ်းအင်(Peak Load)အဖြစ် အသုံးပြုရန်။

(ခ) သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများတွင် သဘာဝဓာတ်ငွေ့သုံးစွဲမှု သက်သာစေရန်၊ စွန့်ပစ်အပူရှိန်သုံးစွဲခြင်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု (Combined Cycle Power Generation)ကို ဆောင်ရွက်ရန်။

(ဂ) မဟာဓာတ်အားလိုင်းစနစ်ကို တိုးချဲ့၍ ဖွံ့ဖြိုးလာသော စက်မှုဇုန်များနှင့် လက်ရှိဒီဇယ်စက်များဖြင့် ဓာတ်အားပေးလျက်ရှိသော မြို့/ရွာများကို မဟာဓာတ်အားလိုင်းမှ ဆက်သွယ်ဓာတ်အားပေးရန်။

(ဃ) ဓာတ်အားသယ်ပို့ဖြန့်ဖြူးမှုအပိုင်းတွင် ဓာတ်အားစနစ်၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(င) ဓာတ်အားစနစ်အတွင်း ဓာတ်အားပြတ်တောက်မှုအကြိမ်နှင့်အချိန် လျှော့နည်းနိုင်သမျှလျှော့နည်းအောင် ဆောင်ရွက်သွားရန်။

(စ) ထုတ်လုပ်သည့်ဓာတ်အားကို အကျိုးရှိရှိ အသုံးပြုသည့်စနစ်အား ဖော်ဆောင်ရန်။

(ဆ) ဓာတ်အားပျောက်ဆုံးမှု ပမာဏကို လျှော့ချခြင်းဖြင့် ဓာတ်အားသုံးစွဲနိုင်မှု ပမာဏမြင့်မားလာရေး ဖော်ဆောင်ရန်။

(ဇ) ပင်မဓာတ်အားစနစ်မှ အလှမ်းကွာဝေးသည့်ဒေသများတွင် ပြည်သူ လူထုမှပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာ (Bio-mass)ကဲ့သို့ အစားထိုးစွမ်းအင် (Alternative Energy)သုံး ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရန်။

(ဈ) အနာဂတ် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အထောက်အကူဖြစ်စေသော နေရောင်ခြည်(Solar)၊ လေအားလျှပ်စစ်(Wind Power)၊ ဘူမိအပူ (Geo-Thermal)နှင့် ဒီလှိုင်း(Tidal)ကဲ့သို့ သမားရိုးကျမဟုတ်သည့် စွမ်းအင် (Non-Conventional Energy)ဖြင့် ဓာတ်အားထုတ်လုပ်မှု ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရန်။

မြန်မာနိုင်ငံ၏ လျှပ်စစ်သမိုင်းကြောင်းနှင့် ဓာတ်အားထုတ်လုပ်မှု အခြေအနေ၊ တည်ဆောက်ပြီး မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံကြီးများ၊ ဆောင်ရွက်လျက်ရှိသော ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများ၊ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများ၊ မီတာတပ်ဆင်ပေးထားမှု အခြေအနေ၊ လျှပ်စစ်စွမ်းအားဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အနာဂတ်တွင် အစားထိုးစွမ်းအင် အသုံးပြု၍ ဓာတ်အားထုတ်လုပ်နိုင်သည့် နည်းပညာများကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါသည်။ ။

တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်း စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် မတ် ၂၈ရက် ညနေ ၃နာရီခွဲတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊စည်းရုံးရေးမှူးများ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးစိုးနှင့် မုံရွာ၊ အရာတော်၊ ဘုတလင်နှင့်ကနီမြို့နယ်တို့မှ အသင်းအတွင်းရေးမှူးများနှင့်စည်းရုံးရေးမှူးများက ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူလူထု အကျိုးပြုလုပ်ငန်းများနှင့် စည်းရုံးရေးဆိုင်ရာ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကြပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ စည်းရုံးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်း ဆွေးနွေးမှာကြားကြသည်။

ပံ့ပိုး

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အသင်းဝင်များအတွက် ပံ့ပိုးငွေများကို ပေးအပ်ချီးမြှင့်ပြီး အသင်းဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ အသင်းဝင်များအတွက် ပံ့ပိုးငွေများပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၅-၄-၂၀၀၈ရက် (စနေနေ့)
(၁၃၆၉ ခုနှစ်၊ တပေါင်းလကွယ်နေ့)
(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ကြည်ညိုဦးခိုက် ဖူးလိုက်စို့တူပျော် မန်းရွှေစက်တော်
၇:၅၀ ၅။ တေးဂီတအစီအစဉ်
၈:၀၀ ၆။ 833 Man & The Elephant (Part-1)
834 Man & The Elephant (Part-2)
၈:၅၀ ၇။ International News.
၉:၀၀ ၈။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၃၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **စစ်သူကြီး ဆွန်ကြီး** (အပိုင်း-၁၆)
၁၄:၁၀ ၆။ **သာယာရွှေပြည်တို့နေခြည်** ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ ဇင်ဇင်ဇော်မြင့်၊ မေဒ့စ်၊ ဗေလုဝ၊ ရှက်တယ် (ဒါရိုက်တာ၊ စင်ရော်မောင်မောင်)
၁၄:၄၅ ၇။ International News
၁၄:၅၅ ၈။ နောက်တစ်နေ့အစီအစဉ်
၁၅:၀၀ ၉။ အစီအစဉ်ပြီး၏

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ရက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရက္ခဗေဒ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၅ ၆။ မြန်မာ့ဓလေ့ ရိုးရာလက်ဆော့
၅:၁၀ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
၅:၃၀ ၈။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ 'အလှရှာမယ် လှကမ္ဘာဝယ်'
၇:၀၀ ၁၂။ တေးဂီတအစီအစဉ်
၇:၁၀ ၁၃။ **'သတင်းကောင်း'** သျှားညို၊ ဆုပန်ထွာ၊ ပွင့် (ဒါရိုက်တာ-ညိုမင်းလွင်)
၇:၂၅ ၁၄။ နှောင်းခေတ်တေးပဒေသာ
၇:၃၅ ၁၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (အောင်ပန်းမြို့မှ မက်မွန်နှင့် မက်မန်း)
၇:၄၅ ၁၆။ ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေး ဆရာ ဒကာလက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်မှု (အပိုင်း-၂)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ တေးဂီတအစီအစဉ်
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၁၃)

ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် Ball Room (2) ၌ ဧပြီ ၄ရက်မှ ၅ရက်အထိ ခင်းကျင်းပြသလျက်ရှိသည့် မလေးရှားနိုင်ငံ၏ အဆင့်မြင့်ပညာရေး၊ ကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာပြပွဲ-၂၀၀၈တွင် ပရိသတ်များ ပြခန်းများကို ကြည့်ရှုစဉ်။

(ဓာတ်ပုံ-ကုန်သည်/စက်မှု)

နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ (၅) အမှတ် (၂) ထုတ်ဝေ

ရန်ကုန် ဧပြီ ၄

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ်အတွဲ(၅)၊ အမှတ်(၂)ကို ထုတ်ဝေလိုက်သည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် ပညာရပ်ဆိုင်ရာဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ဝေခြင်း ဖြစ်သည်။

ယင်းဂျာနယ်တွင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၏ မှတ်တမ်းတင်လောက်သောကမ္ဘာ့လွမ်းခြုံ ဖြစ်ပေါ်မှုအတွက် မျှော်လင့်ချက်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်ဦး၏ စိတ်စစ်ဆေးခြင်း၊ ဦးဝင်းအောင်၏ (၁၄)ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းများဆိုင်ရာ အစည်းအဝေး၊ အကောက်ခွန်မှူး ဦးအုန်းမြင့်၏ အကောက်ခွန်ဦးစီးဌာနနှင့် အကောက်ခွန်ဝန်ထမ်းများ၊ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်၏ ရထားလုပ်ငန်း နောက်ခံသမိုင်းနှင့်ဖွဲ့စည်းဖြစ်ပေါ်မှု အဆင့်ဆင့်စသည့် နိုင်ငံ့ဝန်ထမ်းများ သိမှတ်ဖွယ်ရာနှင့် ပြည်သူများ ဖတ်ရှုလေ့လာနိုင်ဖွယ်ရာဆောင်းပါးများ ဖော်ပြပါရှိပြီး ပုံမှန်ပါရှိနေကျဖြစ်သော ပြည်တွင်းပြည်ပ နိုင်ငံ့ဝန်ထမ်းရေးရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများ၊ အမှတ်တရပုံရိပ်ကဏ္ဍနှင့် အထွေထွေကဏ္ဍတို့ ဖော်ပြပါရှိပြီး စုစုပေါင်း၂၁၆မျက်နှာ ပါရှိသည်။

အဆိုပါဂျာနယ်ကို နေပြည်တော်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ရုံးအမှတ် ၁၇နှင့် ဝင်းသူဇာ အရောင်းဆိုင်များ၊ စာပေဗိမာန်အရောင်းဆိုင်၊ နေပြည်တော်ပျဉ်းမနားတွင် သရဖူစာပေဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက် ဆူးလေဘုရားလမ်း၊ စာပေဗိမာန်အရောင်းဆိုင် ကုန်သည်လမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအရောင်းဆိုင် သိမ်ဖြူလမ်းတို့တွင် တစ်အုပ်လျှင် ကျပ် ၁၆၀၀ (ကျပ်တစ်ထောင့်ခြောက်ရာ)ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သင်္ကြန်နှစ်ဆန်းတွင် ငါးသားပေါက်များရောင်းချလိုပါက ငါးလုပ်ငန်းဦးစီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားကြရန် နှိုးဆော်ချက်

ရန်ကုန် ဧပြီ ၄

အသားစားကြူးသော အာဖရိကငါးခူများသည် ဘုရားကန်များ၊ ကန်တော်ကြီးရေပြင်၊ အင်းလျားကန်ရေပြင်၊ မြစ်ချောင်းများနှင့် သဘာဝရေပြင်များတွင်ပျံ့နှံ့သွားပါက အခြားငါး၊ ပုစွန်စသော ရေနေ သတ္တဝါများ မျိုးပြုန်းတီးမှုဖြစ်ပေါ်စေသဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်(၅/၂၀၀၁)ဖြင့် အာဖရိကငါးခူများ မွေးမြူခြင်း၊ ရောင်းချခြင်း မပြုရန် တားမြစ်ထားသည်။

သို့ရာတွင် နှစ်စဉ်နှစ်တိုင်း သင်္ကြန်နှစ်ဆန်း တစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲများတွင် တားမြစ်ထားသော အာဖရိကငါးခူသားပေါက်များကို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များကရောင်းချလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိနေရသည်။

သို့ဖြစ်၍ ဥပဒေဖြင့်တားမြစ်ထားသော အာဖရိကငါးခူသားပေါက်များကို ရောင်းချခြင်းမပြုနိုင်ရန်အတွက် ၁၃၇၀ပြည့်နှစ် သင်္ကြန်နှစ်ဆန်းတစ်ရက်တွင် ဇီဝိတဒါနငါးလွှတ်ပွဲ၌ ငါးသားပေါက်များ ရောင်းချလိုပါက ငါးလုပ်ငန်းဦးစီးဌာနတွင် ကြိုတင်ခွင့်ပြုချက်လျှောက်ထားကြရန် နှိုးဆော်ထားသည်။

သင်္ကြန်နှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်ပွဲအတွက် ငါးသားပေါက်များ ရောင်းချလိုသူများသည် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဌာနခွဲ ဆင်မင်းလမ်း အလုံမြို့နယ်တွင် ကြိုတင်ခွင့်ပြုချက်လျှောက်ထားကြရန်ဖြစ်သည်။

သင်္ကြန်နှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်ပွဲအတွက် ငါးသားပေါက်များအား ရွှေတိဂုံစေတီတော်၊ ကမ္ဘာအေးစေတီတော်၊ စွယ်တော်မြတ်စေတီတော်၊ ရေချိုငါးဥယျာဉ်(ကန်တော်ကြီး)နှင့် သာဓုကန်စေတီတော်ရှိ အရောင်းဌာနများ၌ ဝယ်ယူရရှိနိုင်သည်။

ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် ရန်ကုန်တိုင်းငါးလုပ်ငန်း စခန်း(လှော်ကား)၊ လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း၊ ရေချိုငါးဥယျာဉ်(ကန်တော်ကြီး)နှင့် သက်ဆိုင်ရာငါးလုပ်ငန်းစခန်းများ ဖုန်း-၀၁-၂၂၂၉၆၂၊ ၂၂၈၆၂၄၊ ၂၁၁၃၈၂၊ ၆၃၅၁၉၆၊ ၆၁၁၁၂၀၊ ၇၀၈၅၁၉၊ ၅၅၅၆၁၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

▼ ကျောဖုံးမှ

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးတို့သည် သံတွဲလေဆိပ် လေယာဉ်ပြေးလမ်းမြောက်ဘက် စက်ယန္တရားကြီးများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြသည်။

တာဝန်ကျေပွန်

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး အလုံသင်္ဘောကျင်း ဇရာခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ကြရေး၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့် အညီလိုက်နာဆောင်ရွက်ကြရေးတို့ကို အသေးစိတ်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

ထို့နောက် တိုင်းမှူးသည် နေပြည်တော်လေဆိပ်အနီးရှိ ကွင်းအမှတ်(၁၇၈၃)၌ မြန်မာ့ကြံလုပ်ငန်းက စိုက်ပျိုးထားသည့် ဆင်းရွှေလီကြံနှင့် နဝဒေးကြံ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တောင်သူများအား နေပြည်တော် ဒေသသည် ယခင်က ကြံပင်များ တစ်မျှော်တစ်ခေါ်စိုက်ပျိုးခဲ့ပြီး ယခုအခါစိုက်ပျိုးမှုနည်းပါးသည့်အတွက် ပိုမိုအားထုတ်ကြိုးပမ်းစိုက်ပျိုးကြစေလိုကြောင်းဖြင့် မှာကြားသည်။

အင်တိုက်အားတိုက်စိုက်ပျိုး

နေပြည်တော် ပျဉ်းမနားခရိုင်အတွင်း ယခုနှစ်တွင် နွေစပါးစိုက်ပျိုးရန် ဧက၃၁၀၀၀ လျာထားပြီး ၂၁၈၇၂ ဧက စိုက်ပျိုးပြီးစီးကာ ရာခိုင်နှုန်းအားဖြင့် ၇၀ဒသမ၅၅ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်သည်။ ဆက်လက်၍လည်း လျာထားချက် ပြည့်မီကျော်လွန်စေရေးအတွက် အင်တိုက်အားတိုက် စိုက်ပျိုးလျက်ရှိကြောင်း သတင်းရရှိသည် **(သတင်းစဉ်)**

မိုး
အစဉ်သတိပြု

အဖျက်လုပ်ရပ်မှန်သမျှ ဖော်ထုတ်တားဆီးဖယ်ရှားသွားကြရမည်

လေ့လာသူတစ်ဦး

အနာဂတ်ကို မှန်းဆလိုလျှင် အတိတ်ကိုသုံးသပ်ပါ။ (Study the past if you would divine the future) ဆိုတဲ့စကားကို အလေးထားသင့်ပါတယ်။ မြန်မာ့နိုင်ငံရေးခရီးမှာ လက်ဝဲအစွန်းရောက် တရားသေဝါဒသမားတွေရဲ့ဒဏ်ကို ပြည်သူတွေ မရှုမလှခံခဲ့ရတာ ယနေ့ထက်တိုင်ပဲ ဖြစ်တယ်။

၁၉၄၇-၄၈ ခုနှစ်ကာလမှာ လွတ်လပ်ရေးဆိုတာ တောင်းယူလို့မရဘူး၊ တိုက်ယူမှရမယ်ဆိုတဲ့ ကြွေးကြော်သံနဲ့ မြန်မာကွန်မြူနစ်တွေ တစ်စခန်းထခဲ့ကြတယ်။

အလံနီကွန်မြူနစ်တွေက ပခုက္ကူမြို့နယ် ဆင်စွယ်ရွာမှာ ရွာလုံးကျွတ် လူသတ်ပွဲကြီး လုပ်ခဲ့တယ်။ ပြည်သူလူထုကို ဦးတည်တိုက်ခိုက်ကာ သတ်ဖြတ်ခဲ့တာပါပဲ။ အလံနီကွန်မြူနစ်တွေလိုပဲ ဗကပ (အလံဖြူကွန်မြူနစ်)ကလည်း ပဲခူးတိုင်း ပေါက်ခေါင်းနယ်မြေမှာ ဒေသခံ တောင်သူလယ်သမားနဲ့ ကျေးလက် ပြည်သူတွေကို အစိုးရလူလို့ စွပ်စွဲပြီး တိုက်ခိုက်သတ်ဖြတ်ခဲ့တယ်။

KNU တို့၊ KNDO တို့ ဆိုတာကလဲ ဒီပုတ်ထဲက ဒီပဲတွေပါပဲ။ မြစ်ဝကျွန်းပေါ်ဒေသမှာ ရွာသူရွာသားတွေကို စိတ်မထင်တိုင်း သတ်ဖြတ်အကြမ်းဖက်ခဲ့ကြတယ်။ ရွာလုံးကျွတ်မီးရှို့ ဖျက်ဆီးခဲ့တယ်။ ရထားတွေကို အကြိမ်ကြိမ် မိုင်းခွဲတိုက်ခိုက်ခဲ့တယ်။

ရှမ်းပြည်နယ်ဘက်မှာလဲ SSA-S ဆိုတာ ရာဇဝင်လူဆိုးပါ။ မီးသွေးကုန်းရွာမှာ ရွာလုံးကျွတ် တုတ်နဲ့ရိုက်သတ်ခဲ့တယ်။ ခရီးသည်တင် ကားတွေကို ဓားပြတိုက်လုယက်ရုံမက အမျိုးသမီးတွေကို အစုလိုက်အပြုံလိုက် အနိုင်ကျင့်စော်ကားခဲ့ကြတယ်။

အဲဒီလို လူ့ယဉ်ကျေးမှုနဲ့ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပြီး ထင်ရာစိုင်းခဲ့ကြတဲ့ သောင်းကျန်းသူ အဖျက်သမားတွေဟာ တောထဲတောင်ထဲမှာ လက်ရဲဇက်ရဲ လူသတ်ပွဲဆင်နွှဲရာကနေ မြို့ပေါ်တက်ပြီး ပြည်သူလူထုကို အမဲဖျက်ဖို့ လုပ်လာခဲ့ကြပြန်တယ်။ ဒါကြောင့် သန်လျင်ရေနံချက်စက်ရုံ ဗုံးဖောက်ခွဲမှု၊ မြို့တော်ခန်းမဗုံးဖောက်ခွဲမှု၊ မန္တလေးဈေးချို ဗုံးဖောက်ခွဲမှု၊ ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲ ဗုံးဖောက်ခွဲမှုနဲ့ ရန်ကုန်မြို့ လူစည်ကားရာသုံးနေရာ ဖောက်ခွဲမှုတွေ ကျူးလွန်ခဲ့ကြတယ်။

ဒီနေရာမှာ သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ တာဝန်သိပြည်သူတွေရဲ့ ပူးပေါင်းဖော်ထုတ်နိုင်မှုနဲ့ ကြိုတင်ကာကွယ်စောင့်ရှောက်ပေးမှုတွေကြောင့် လူအသေအပျောက်နဲ့ အပျက်အစီး အဆုံးအရှုံးနည်းခဲ့တာပါ။ အဆီးအတားမရှိဘူး၊ ကြိုတင်ကာကွယ်မှုသာမရှိဘူးဆိုရင် ဒီထက်အဖြစ်ဆိုးတွေနဲ့ တိုးရမှာဖြစ်တယ်။

ဘာကြောင့်လဲဆိုရင် အကြမ်းဖက်အဖျက်သမားတွေက မြေပေါ်မှာ နိုင်ငံရေးသမား၊ မြေအောက်မှာ ဖောက်ခွဲဖျက်ဆီးရေးသမားဆိုတဲ့ အသွင်ဆောင်ထားလို့ပဲဆိုတာ တွေ့နေရလို့ပါပဲ။ သောနတ္တိဂိုဏ်းဆိုးလို လူစားတွေ ဖြစ်နေလို့ပါပဲ။

သူတို့ဟာ တစ်ဖက်က ဒီမိုကရေစီရေး ကြွေးကြော်ပြီး အခြားတစ်ဖက်က အကြမ်းဖက် မင်းမဲ့စရိုက်နဲ့ လှုပ်ရှားနေတာ ဖြစ်ပါတယ်။ အမှုမဲ့အမှတ်မဲ့နေသူတိုင်း ကျောချမ်း ဓားပြမှန်းသိရမယ့်ကိန်း ဖြစ်နေပါပြီ။

ဒီအကြောင်းတွေကို အထောက်အထားမဲ့ ရေးသားနေတာ မဟုတ်ပါဘူး။ သတင်းစာရှင်းလင်းပွဲမှတ်တမ်းတွေ၊ ခိုင်လုံတဲ့ သက်သေအထောက်အထားတွေကို လေ့လာပြီး ပြည်သူတွေ ကြိုတင်သိထား၊ ရှောင်ရှားနိုင်ကြဖို့ တင်ပြရတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မတ်လအတွင်းက ABSDF နဲ့ KNPP သောင်းကျန်းသူအဖွဲ့က ပူးပေါင်းစေလွှတ်ထားတဲ့ ဖောက်ခွဲဖျက်ဆီးရေးသမားတစ်ဦးကို ဖောက်ခွဲဖျက်ဆီးရေး ဆက်စပ်ပစ္စည်းအချို့နဲ့အတူ ဖမ်းဆီးရမိခဲ့ကြောင်း ကြားသိလိုက်ရတယ်။ အဲဒီဖောက်ခွဲဖျက်ဆီးရေးသမားနဲ့ အဖွဲ့ဟာ ၂၀၀၄ ခုနှစ်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ဇော်ဂျီဟောက်စ်စားသောက်ဆိုင် ဗုံးဖောက်ခွဲမှု၊ အဲဒီနေ့မှာပဲ ဆူးလေဘုရားလမ်းရှိ နေပြည်တော်ရုပ်ရှင်ရုံရှေ့ အငှားယာဉ်ပေါ်မှာ ချိန်ကိုက်ဗုံးထည့်ထားခဲ့မှု၊ ၂၀၀၅ ခုနှစ်က တောင်ဥက္ကလာပ ပါရမီကားဝင်းအတွင်း ဖူဆိုယာဉ်ပေါ်မှာချိန်ကိုက်ဗုံးဖောက်ခွဲမှုတွေ ကျူးလွန်ခဲ့ရာမှာ ပါဝင်ပတ်သက်ခဲ့ကြောင်း သိရှိရပါတယ်။

ဒီဖောက်ခွဲဖျက်ဆီးရေးသမားကို ဖမ်းဆီးဖော်ထုတ်မှုမပြုနိုင်ခဲ့ရင် ပြည်သူလူထု ဘယ်ရွေ့ဘယ်မျှ အသက်ပေးရဦးမယ်ဆိုတာ မတွေးရဲတော့ပါဘူး။

အလားတူပဲ တစ်ဖက်နိုင်ငံကို ရောက်ပြီး ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ခဲ့သူ NLD လူငယ်အဖွဲ့ဝင်တစ်ဦးကို မတ်လကုန်ခန့်က ဖောက်ခွဲဖျက်ဆီးရေးဆက်စပ်ပစ္စည်းအချို့နဲ့အတူ ဖမ်းဆီးရမိလိုက်ကြောင်း ကြားသိရပြန်တယ်။ **ဖောက်ခွဲဖျက်ဆီးရေးသမားတွေဟာ နိုင်ငံအတွင်း လူစည်ကားရာ၊ အချက်အချာကျရာ နေရာတချို့ကို ပစ်မှတ်ထားပြီး ပြည်သူလူထု အထိတ်တလန့်ဖြစ်အောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေ လုပ်ဆောင်မယ်လို့ ကြိုတင်သတင်းတွေရရှိထားတဲ့အတွက် အခုဖမ်းဆီးမိတဲ့အဖွဲ့တွေဟာလည်း လူစုလူဝေးများပြားမယ့် သင်္ကြန်ကာလနဲ့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပမယ့် နေရာတွေကို ကြံစည်လုပ်ဆောင်ဖို့ ရည်မှန်းချက်ထား ဝင်ရောက်လာတာလို့ မှန်းဆသိရှိနိုင်ပါတယ်။ နောက်ထပ် သူတို့လိုဖောက်ခွဲရေးသမားတွေ ရှိနေဦးမှာပါပဲ။**

အကြမ်းဖက်အဖျက်သမားတွေဟာ မြေအောက်မှာ၊ နယ်စပ်ဒေသမှာသာ ရှိနေတာ မဟုတ်တော့ပါဘူး။ သူတို့ဟာ မြေပေါ်မှာ၊ မြို့ပေါ်တွေမှာ ဒီမိုကရေစီမျက်နှာဖုံးစွပ်ပြီး လှုပ်ရှားနေကြတာဖြစ်ပါတယ်။ သူတို့ဟာ အစိုးရကို ဆန့်ကျင်တဲ့ပုံစံယူအသွင်ဆောင်ပြီး ပြည်သူလူထုကို တိုက်ခိုက်သတ်ဖြတ်ဖို့အထိ ဝန်မလေးတော့ဘဲ လက်ရဲဇက်ရဲလုပ်ဆောင်လာတာ ဖြစ်ပါတယ်။

အကြမ်းဖက်အဖျက်သမားမှာ တရားမရှိပါဘူး။ အကြမ်းဖက်လူဆိုးတွေမှာ ဆွေမျိုးမရှိပါဘူး။ အကြမ်းဖက်ရာဇဝတ်ကောင်ဟာ အမှောင်ထဲမှာ အမြဲပျော်နေသူတွေပါ။ ဒါကြောင့်မို့ ပြည်သူလူထုအနေနဲ့ အကြမ်းဖက်အဖျက်သမားတွေကို သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အတူ ကြိုတင်ဖော်ထုတ် တားဆီးဖယ်ရှားသွားမှသာ အန္တရာယ်ကင်း၊ ဘေးရှင်းနိုင်မှာဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

ဖောက်ခွဲဖျက်ဆီးရေးသမားတွေဟာ နိုင်ငံအတွင်း လူစည်ကားရာ၊ အချက်အချာကျရာ နေရာတချို့ကို ပစ်မှတ်ထားပြီး ပြည်သူလူထု အထိတ်တလန့် ဖြစ်အောင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေ လုပ်ဆောင်မယ်လို့ ကြိုတင်သတင်းတွေ ရရှိထားတဲ့အတွက် အခု ဖမ်းဆီးမိတဲ့ အဖွဲ့တွေဟာလည်း လူစုလူဝေးများပြားမယ့် သင်္ကြန် ကာလနဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမယ့် နေရာတွေကို ကြံစည် လုပ်ဆောင်ဖို့ ရည်မှန်းချက်ထား ဝင်ရောက်လာတာလို့ မှန်းဆသိရှိနိုင် ပါတယ်။ နောက်ထပ် သူတို့လိုဖောက်ခွဲရေးသမားတွေ ရှိနေဦးမှာပါပဲ။

သင်္ကြန်တွင်း တရားစခန်းများ

သန်လျင်ဖားအောက် တောရရိပ်သာ

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုရိပ်သာ (ဖားအောက်တောရ ရိပ်သာ-သန်လျင်) ၏ သင်္ကြန် ၁၀ ရက် တရားစခန်းပွဲကို ဖားအောက်တောရ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာတော် ဘဒ္ဒန္တက္ကန္ဒောဘာသ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သိရီပဝရ ဓမ္မာစရိယနှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်များက ဝိပဿနာ အလုပ်ပေးတရားတော်များနှင့် ဆရာကြီး ဒေါက်တာမင်းတင်မွန် (ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ) က အသုံးချ အဘိဓမ္မာသင်တန်းနှင့် တရားရှုနည်းတို့ကို ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသူ ယောဂီများအနေဖြင့် ရိပ်သာဖုန်း-၀၅၆-၂၁၉၂၇ သို့ ဆက်သွယ်ဝင်ရောက်နိုင်ကြောင်း သိရသည်။

အောက်ဝါးနက်ချောင်း ဓမ္မဒူတ ဇေတဝန်တောရ

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်ကြီး၌ သင်္ကြန်တရားစခန်းပွဲကို ဧပြီ ၁၂ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ ယောဂီဦးရေ ကန့်သတ်ထားရာ ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး မှတ်ပုံတင်မိတ္တူနှင့် ဓာတ်ပုံနှစ်ပုံယူဆောင်၍ ညနေ ၃ နာရီ အရောက်လာကြရမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် ဦးသိန်းဝင်း ဗိုလ်ချို(၁)ရပ်ကွက် ဗဟန်းမြို့နယ် ဖုန်း-၅၄၀၀၉၂၊ ဦးလှကြည် ဖုန်း-၂၄၆၇၈၈ (လိုင်းခွဲ) ၃၀၊ ဇာနည်ညီနောင်ဆေးဆိုင် ဖုန်း-၂၉၃၅၆၇၊ ရှိုင်းဟုပ်ကုမ္ပဏီ ဖုန်း-၅၁၄၇၆၈၊ ဦးဝင်းရွှေ မှော်ဘီ ဖုန်း-၆၂၀၅၂၀ နှင့် ဦးမျိုးမြင့် (ပဲခူး)ဖုန်း-၀၅၂-၂၂၁၃၆ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ငါန်းဇွန်မြို့နယ်လယ်တီမူ ခုနစ်ရက်တရားစခန်းပွဲ

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် သန့်ဇင်ကုန်းရွာ ဓမ္မာရုံ မြောက်ကျောင်းတွင် ဒုတိယအကြိမ်မြောက် လယ်တီမူဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို ၁၃၇၀ပြည့်နှစ် နှစ်ဆန်း၁ရက်(ဧပြီ ၁၇ရက်မှ)စ၍ ခုနစ်ရက်တိုင်တိုင် ကျင်းပမည် ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် မုံရွာမြို့ ဒေါနခြံရပ် ကန်တော်မင်းကျောင်း ဆရာတော် လယ်တီကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တက္ကုဒ္ဒိက အရှင်သူမြတ်နှင့် သပြေသာရွာ နယ်လှည့်သာသနာပြု လယ်တီကမ္မဋ္ဌာနာစရိယ ဆရာဦးစိုးရှန်တို့က လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းပွဲဝင်လိုသူ ယောဂီများသည် အထက်ပါကျောင်းသို့ လာရောက်ကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

ရွှေသန်လျင်ဆရာတော် သင်္ကြန်တွင်းဓမ္မသဘင်

သန်လျင်မြို့နယ် လဟာယက်ကျောင်းတိုက်၏ ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြုဓမ္မကထိက ရွှေသန်လျင်ဆရာတော်အရှင်မေဃိယသည် ဧပြီ ၁၀ ရက်တွင် သန်လျင်မြို့ အောင်ချမ်းသာရွှေကျီးမုန့်တိုက်တရားပွဲ၊ ၁၁ ရက်တွင် ဥယျာဉ်ရွာ သိက္ခာထပ်အလှူ တရားပွဲ၊ ၁၂ရက်တွင် သန်လျင်မြို့ မဏ္ဍလာရာမကျောင်းတိုက် တရားစခန်းပွဲ၊ ၁၃ ရက်တွင် ဒဂုံဆိပ်ကမ်း (၁၈၉) ရပ်ကွက် သင်္ကြန်တွင်းတရားပွဲ၊ ၁၄ ရက်တွင် သန်လျင်ပြည်တော်သာရွာ သင်္ကြန်တွင်း တရားပွဲ၊ ၁၅ ရက်တွင် သန်လျင်ဗိုလ်ချုပ်ရွာနယ်မြေ (၃) သင်္ကြန်တွင်းတရားပွဲ၊ ၁၆ ရက်တွင် သန်လျင်သာယာကုန်းရွာ အလှူတရားပွဲ၊ ၁၇ ရက်တွင် လဟာယက်ရွာသက်ကြီးပူဇော်တရားပွဲ၊ ၁၈ ရက်တွင် သန်လျင်ဥယျာဉ်ရွာ ဦးချစ်ဝေမိသားစု အလှူတရားပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ ရပ်နီးရပ်ဝေးမှ အလှူရှင်များသည် ဆရာတော် ဖုန်း-၀၉-၅၁-၈၅၀၀၄၊ သန်လျင်- ဖုန်း-၀၅၆-၂၁၄၀၅၊ ပုဇွန်တောင် ရဟန်းဒကာ ဖုန်း-၀၁-၂၉၃၅၁၆ နှင့် ရန်ကုန် မစိုးရိမ်စာသင်တိုက် ဖုန်း- ၀၁-၅၃၇၉၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ် (ယာယီ)နှင့် ဟိန္ဒူဘာသာဝင်စီးပွားရေးလုပ်ငန်းရှင်များက ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် သုံးဘာသာ၊ သုံးဘာသာနှင့်အထက် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ရန်ကုန်တိုင်းအတွင်းရှိ ဟိန္ဒူဘာသာဝင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို မတ်၃၀ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း (မြို့မ) ဦးဘလွင်ခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ် (ယာယီ) အတွင်းရေးမှူး ဦးကျော်သူက ဂုဏ်ပြုဆုချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ချီးမြှင့်

ယင်းနောက်ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ရန်ကုန်တိုင်း အတွင်းရှိ ဟိန္ဒူဘာသာဝင်ကျောင်းသား ကျောင်းသူ ၁၆ဦးတို့အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ် (ယာယီ) ဥက္ကဋ္ဌ ဦးမောင်ရွှေနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ကြသည်။

အမှာစကား

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က အမှာစကားပြောကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း နွေရာသီ သင်တန်းဖွင့်ပွဲများ တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မတ် ၃၁ရက် နံနက်ပိုင်းက ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ခန်းမ၌ ဒိုက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးဖွင့်လှစ်သော နွေရာသီ သင်တန်းများ ဖွင့်ပွဲသို့ တက်ရောက်၍ သင်တန်းဖွင့် အဖွင့်အမှာစကား ပြောကြားသည်။

ရွှေကျင်မြို့နယ်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ရွှေကျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ခန်းမ၌ ကျင်းပသော နွေရာသီသင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ဖြူးမြို့နယ်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဖြူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသော နွေရာသီသင်တန်းများ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်း ဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဝန်ကြီးက သင်တန်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသော သင်တန်းသား၊ သင်တန်းသူများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အုတ်တွင်းမြို့နယ်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ကျင်းပသော နွေရာသီသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားပြီး သင်တန်းအား ဖွင့်လှစ်ပေးသည်။

လိုက်လံနှုတ်ဆက်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အတွက် အလှူငွေများ ထောက်ပံ့ပေးအပ်ပြီး သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တောင်ငူမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသော နွေရာသီ သင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်း ဖွင့် အမှာစကားပြောကြားသည်။

လှူဒါန်း

ထို့နောက် တောင်ငူမြို့ အောင်မင်း ဆောက်လုပ်ရေးပစ္စည်း အရောင်းဆိုင်မှ ဦးအောင်မင်းက နွေရာသီသင်တန်းများ တွင် အသုံးပြုရန်အတွက် အလှူငွေများ လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက လက်ခံသည်။

နှုတ်ဆက်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော သင်တန်းသား၊ သင်တန်းသူများအား ရင်းနှီးစွာလိုက်လံ နှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

လေ့ကျင့်သင်ကြား

ယခုဖွင့်လှစ်သော နွေရာသီသင်တန်း များတွင် အမှုဆောင်များ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်း၊အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်း၊ အသက်မွေးဝမ်း ကျောင်းမှု သင်တန်းများ၊ ဂီတသုခုမပညာ သင်တန်းများ၊ တိုင်းရင်းဆေး သင်တန်း၊ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စကား ပြောသင်တန်း၊ အားကစားသင်တန်းများ အား လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများအား ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၁ရက် နံနက် ၉နာရီတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ဆွေးနွေးမှာကြား

တွေ့ဆုံပွဲတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်တည်တံ့ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်ရန်များကို အကျယ်တဝင့် ဆွေးနွေး မှာကြားသည်။ **(သတင်းစဉ်)**

● **ကျောဖုံးမှ**

ခပေါင်းရေလှောင်တမံဘက်စုံစီမံ ကိန်းမှာ မိုးတွင်း၌ မိုးစပါးအတွက် စိုက် ပျိုးရေ မိုးရေလုံလောက်မှု ရှိသော်လည်း

"သံမဏိသံပြား တိုင်ချောင်းရေ ၅၄၀ကို ရေလျှံထိန်း တာပေါင် အတွက် မြေဝင် ၁၆ပေအနက်အထိ ခက်ခက်ခဲခဲ တည်ဆောက်ထား ပါတယ်။"

ဦးမြင့်သန်း
ညွှန်ကြားရေးမှူး၊
တည်ဆောက်ရေး(၅)

နွေရာသီတွင် စိုက်ပျိုးရေ အခက်အခဲ တွေ့ရခြင်းကို ဖြေရှင်းပေးနိုင်ရန်အတွက် ရည်ရွယ်တည်ဆောက်ခြင်း ဖြစ်သည့် အလျောက် ခပေါင်းရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်လွှတ်ပြီး ခပေါင်း ချောင်းတစ်လျှောက် ထုတ်လွှတ်လိုက်သော ရေများကို ရေလွှဲဆည်ဖြင့် ထိန်းကာ လက်ဝဲ၊ လက်ယာ တူးမြောင်းစနစ်များ တည်ဆောက်၍ တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များအတွင်း လယ်မြေ ဧရိယာဧက ၁၀၀၀၀၀ခန့် စိုက်ပျိုးရေ ပေးရန် ဆောင်ရွက်လျက် ရှိသည်။

ရေပေးဝေနိုင်မည်

ခပေါင်းရေလွှဲဆည်ကို ပဲခူးတိုင်း၊ တောင်ငူခရိုင် အုတ်တွင်းမြို့နယ် အနောက် ဘက် ရှစ်မိုင်ခန့် အကွာ ရွှေလောင်း ကျေးရွာအနီးတွင် တည်ဆောက်လျက် ရှိပြီး ယခုအခါ ရေလွှဲဆည် လုပ်ငန်း မှာ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ် သည်။ ရေလွှဲဆည်တွင် တပ်ဆင်ထား သော လက်ဝဲ၊ လက်ယာရေတံခါးများမှ တူးမြောင်းတွင်းသို့ ရေထည့်ပေးပြီး လာမည့် ပွင့်လင်းရာသီ၌ သီးနှံ ရေပေး ဝေနိုင်တော့မည်ဖြစ်သည်။

စိုက်သွင်းထား

ရေလွှဲဆည် တည်ဆောက်ရာတွင် တည်ဆောက်မည့် နေရာ ရေတံခါးများ တည်ဆောက်မည့် နေရာတို့၏ အောက် ဘက်တွင် ရေစိမ့်ထွက်သွားခြင်း မရှိစေရန် ပြည်ပမှ မှာယူတင်သွင်းသော သံမဏိ သွပ်ပြားတိုင် (Steel Sheet Pile) များ အဆောက်အအုံ ပတ်လည်တွင် စုစုပေါင်း ပေရှည်၆၀၀၀ကို အောက်ခံ ကျောက်သား မြေမာရောက်ရှိအောင်စိုက်သွင်းထားသည်။

ခက်ခက်ခဲခဲ

၄င်းအပြင် ချောင်းပိုင်းရေလျှံထိန်း တာပေါင် (Afflux Bund) တည် ဆောက်ရာတွင် အောက်ခြေတွင်သပ်ကျင်း ကို အောက်ခြေအကျယ် ၁၂ပေ၊ အနက် ၁၂ပေ တူးဖော်၍ သပ်ကျင်းအလယ် အူကြောင်းတစ်လျှောက်ကို မြေဝင် ၁၆ပေ အနက်ထိ ပြည်တွင်းဖြစ်သံမဏိသံပြား တိုင်ချောင်းရေ ၅၄၀ကို ရိုက်သွင်းပြီးမှ ရေလျှံထိန်း တာပေါင်ကို ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရသည်။

ဧကတစ်သိန်း

လက်ဝဲ၊လက်ယာ ရေပေးတံခါးများ မှ တူးမြောင်းထဲသို့ ရေထည့်ပေးရာတွင် လက်ဝဲတူးမြောင်းစနစ်မှ လယ်မြေဧက ၄၀၀၀၀နှင့် လက်ယာတူးမြောင်းစနစ်မှ ဧက ၆၀၀၀၀၊ စုစုပေါင်း ဧကတစ်သိန်း ရေပေးနိုင်မည်ဖြစ်သည်ဟု တည်ဆောက် ရေး(၅)မှ ညွှန်ကြားရေးမှူး ဦးမြင့်သန်း က မြန်မာ့အလင်းသို့ ရှင်းပြသည်။

တပ်ဆင်ထား

ခပေါင်းရေလှောင်တမံ ရေလွှဲဆည် မှာ (Ogee) အိုဂီးပုံ ရေကျော်ပေါက် သံကူကွန်ကရစ်ဖြစ်၍ အကျယ်ပေ၁၅၀၊ အမြင့် ၂၅ပေ ရှိပြီး သဲထုတ်ရေတံခါးကို ယာဘက်အကျယ် ၄ပေ၊ အမြင့် ၆ပေ ၆လက်မ လေးပေါက်နှင့် ဝဲဘက်ကို အကျယ်၄ပေ၊အမြင့် ၆ပေ ၆လက်မ အမြင့် နှစ်ပေါက်တို့ပါဝင်တည်ဆောက်ထားသည်။

ရေထိန်းတံခါးကို ယာဘက်အကျယ် ၅ပေ၊ အမြင့် ၆ပေ ၃လက်မ သုံးပေါက် နှင့် ဝဲဘက်တွင် အကျယ် ၅ပေ၊ အမြင့် ၆ပေ ၃လက်မ နှစ်ပေါက်တို့ ပါဝင် တပ်ဆင်ထားပါကြောင်း သတင်းမြင်ကွင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ခပေါင်းရေလွှဲဆည် လက်ယာလက်တံမြောင်းမှ ရေထုတ်ပေါက် ရေတံခါးသုံးခုဖြင့် လယ်မြေများသို့ ရေထုတ်လွှတ်ပေးမည်ဖြစ်သည်။
(မြန်မာ့အလင်း)

သန်လျင် သာသနာ့ဗိမာန်တော် ဖွင့်ပွဲအချိန်ပြောင်းလဲကျင်းပမည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သာသနာ့ကျက်သရေဆောင် မဟာအတုလ သဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်ချပွဲကို ဧပြီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီအစား မွန်းတည့် ၁၂နာရီသို့ အချိန်ပြောင်းလဲ ကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ အလှူရှင်များ သိရှိနိုင်ရန် တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီမှ နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မနုတ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်း ဒလမြို့နယ် သမိုင်း ဝင်ဆံတော်ရှင် မနုတ်စေတီတော် မြတ်ကြီး၏ ဗုဒ္ဓပူဇနီယ ဘုရား ပွဲတော်ကို ၁၃၆၉ခု တန်ခူးလဆန်း ၁၁ရက်မှ ၁၅ရက်အထိ ဇာတ်ပွဲ၊ သဘင်များနှင့် စည်ကားသိုက်မြိုက် စွာ ကျင်းပမည်ဖြစ်ကြောင်း အနယ် နယ် အရပ်ရပ်မှ အလှူရှင်များ ကြည်ညိုသဒ္ဓါပွား လှူဒါန်းနိုင်ရန် နှိုးဆော်ထားသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၀၈(စနေနေ့)
AM & PM

၇း၀၀-၁း၀၀	MRTV-4အဖွင့် Logo၊ ယနေ့အစီ အစဉ်	၁၀း၁၅-၄း၁၅	ခါသကြ်န်အဆိုအက
၇း၀၅-၁း၀၅	"သစ္စာလေးပါး အလုပ် ပေး" တရားတော် (မိုးနတ်တောင် ဆရာတော် ဦးကုန္ဒောဘာသ)	၁၀း၂၀-၄း၂၀	မြို့မယဉ်ငေး
၈း၁၀-၂း၁၀	မြိတ်မြို့မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ် (အပိုင်း-၃)	၁၀း၄၅-၄း၄၅	မိုးလေဝသခန့်မှန်းချက်
၈း၄၀-၂း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း	၁၀း၅၀-၄း၅၀	ကမ်းခြေဟိုတယ်တစ်ခု၏ ဗိသုကာအနုပညာ
၉း၀၅-၃း၀၅	PEACE OF MIND (စိတ်ငြိမ်းအေးသော) (ဒါရိုက်တာ-ကြည်ဖြူ သျှင်)	၁၁း၁၀-၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅	တေးဂီတအစီအစဉ်	၁၁း၂၀-၅း၂၀	ခါသကြ်န်အဆိုအက
၉း၂၀-၃း၂၀	ပြည်တွင်းသတင်း အကျဉ်း	၁၁း၂၅-၅း၂၅	တိပိဋကမဇ္ဈရက္ခိတ အဖွဲ့ ကြီး၏ တိပိဋကစာပြန်၊ စာဖြေ သံဃာတော်များ အား ဆွမ်းဆက်ကပ်လှူဒါန်း ခြင်း
၉း၃၀-၃း၃၀	ခေတ်အဆက်ဆက်စီးဆင်း အတာသကြ်န်တေးသီချင်း	၁၁း၄၀-၅း၄၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၀း၁၀-၄း၁၀	နိုင်ငံတကာ သတင်းအကျဉ်း	၁၁း၄၅-၅း၄၅	တစ်ပတ်အတွင်း အားကစား သတင်း
		၁၂း၀၀ -၆း၀၀	ခါသကြ်န်အဆိုအက
		၁၂း၀၅ -၆း၀၅	အေးငြိမ်းစေရာ တရားရိပ် မှာ ကုသိုလ်ယူပါ
		၁၂း၂၅ -၆း၂၅	ခါသကြ်န်အဆိုအက
		၁၂း၃၀ -၆း၃၀	လွင်မိုးခရီးသွားနေသည် အပိုင်း(၁၀)
		၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Arsenal-Liverpool	ESPN(Live)
၈း၂၅	Man:City-Chelsea	ESPN(Live)
	Aston Villa-Bolton	Star Sports(Live)
၁၁း၀၀	Wigan-Birmingham	ESPN (SDD)
၁၁း၃၀	Newcastle-Reading	Star Sports (SDD)

Series -A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀း၃၀	Roma-Genoa	5-Cartoons (Live)
၁း၀၀	AC Milan-Cagliari	5-Cartoons (Live)

FA Cup (Semi-final) ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၀၀	West Brom-Portsmouth	Star Sports (Live)

ပါဠိပထမပြန်စာမေးပွဲ သုံးခွမြို့နယ်၌ကျင်းပ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၄ရက်မှ ၃၁ရက်အထိ မြို့နယ်လုံးဆိုင်ရာ မဟာအတု လကယ် သာသနဗိမာန်တော်ကြီး အပေါ် ထပ်တွင် ကျင်းပရာ နာယကအဖြစ် ဆောင်ရွက်တော်မူကြသော မြို့နယ်သံဃ နာယကအဖွဲ့(ဂိုဏ်းပေါင်းစုံ) ဆရာတော် ကြီးများ၊ စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အကျိုးတော်ဆောင် ဆရာတော်ကြီးများ၊ ဥပါသကာအဖွဲ့ဝင်များနှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ ဝင်များ ကြီးကြပ်ဆောင်ရွက်ကြသည်။

သုံးခွ စာဖြေဌာနတွင် အကြီးတန်း ၁၃ပါး၊ အလတ်တန်း ၁၁ ပါး၊ အငယ်တန်း အပါး ၃၀ စုစုပေါင်း ၅၄ပါး ဝင်ရောက် ဖြေဆိုခဲ့ကြောင်း သိရသည်။

(၁၂၄)

ကျေးရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော်မြတ်ကြီး ထီးတော်သစ် တင်လှူ ပူဇော် ရန် အတွက်အမှတ်၁၀၂ အခန်း ၄ မီးဒုံးလမ်း သုဝဏ္ဏ သဃ်န်းကျွန်း မြို့နယ်နေ ဦး ညီ ညီ အောင်-ဒေါ်မေဝင်းကြိုင်၊ သား ဘုန်းပြည့် မိသားစုက အလှူငွေ ကျပ်လေးသိန်းခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်အေး၊ ဦးစိန်ဦးနှင့် ဦးစောကြိုင် တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မတ် ၃၁ရက်က သံတွဲမြို့ရှိ ဒွါရာဝတီ မြို့နယ်ခန်းမ၌ ကျင်းပသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ သံတွဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လွင်က မြို့နယ်အတွင်း လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရေး၊ ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေးတို့ကို အသေးစိတ်မှာကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက သံတွဲ၊ တောင်ကုတ်၊ မအီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများသို့ အလှူငွေကျပ်ငါးသိန်းစီကိုလည်းကောင်း၊ သံတွဲမြို့နယ် လူမှုရေးအသင်းအဖွဲ့ဝင်များသို့ ငွေကျပ် နှစ်သိန်းစီ၊ အဝတ်အထည်များ၊ ဂျာနယ်နှင့်စာစောင်မျိုးစုံတို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၂ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့သို့ရောက်ရှိပြီး စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကလေး၊ ကသာ၊ တမူး၊ မော်လိုက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများနှင့် ၎င်းခရိုင်များအတွင်းရှိ မြို့နယ်အသင်းများမှ အသင်းအတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။

အခမ်းအနားတွင် ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများက သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ်များအလိုက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းအသင်းအတွင်းရေးမှူး ဦးစိုးစိုးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်က မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့် စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်ကြရန်၊ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ မမှန်မကန် ဝါဒဖြန့်မှုများကို ပြည်သူများ နားလည်သဘောပေါက်ကာ အမှန်တရားဘက်မှ ရပ်တည်လာရန်၊ စည်းရုံးဆောင်ရွက်သွားရန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်သွားရန်တို့ကို အကျယ်တဝင့် မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ထောက်ပံ့ငွေများကိုပေးအပ်ရာ တိုင်းအသင်း အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က အသီးသီးလက်ခံကြပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီးဖြစ် မြောက်ရေးကော် မတီ ရုံး ခန်း (ဗဟန်း ၃ လမ်း မှတ်တိုင် အနီး) တွင် အမှတ်၂၉၄ ငမိုးရိပ် ၇ လမ်း သဃ်န်းကျွန်း မြို့နယ် နေ ဦး မောင် သိန်း-ဒေါ်ခင်လှ မိသားစုက ငွေကျပ် တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မဟာပဋ္ဌာန်း ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၄

သံဖြူဇရပ်မြို့နယ် ကရင်သောင်ကျေးရွာ ရွာလယ်ဗဟိုဇရပ်ကြီး၌ ကျေးရွာလုံးကျွတ် (၉)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ဖရက်မှ ၁၁ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဧပြီ ၁၁ရက် နံနက် ၇နာရီတွင် ပဋ္ဌာန်းသိမ်းအောင်ပွဲ ရေစက်ချမင်္ဂလာ အခမ်းအနားနှင့် (၁၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာဇာတ်ကားသစ်များ သကြၤန်ရေရှောင် ရင်နှင့်အောင်မွေးကိုကြည့်ပြီးနောက် ရင်နှင့်စရာလေးများ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဧပြီ ၄

မတူညီသော၊ ကွဲပြားခြားနားသော မိသားစုဘဝနှစ်ခုကို သဘာဝကျကျ တင်ပြနိုင်သော ရင်နှင့်အောင်မွေးဟု ဇာတ်ရုပ်မှာထားကာ အပြိုင်သရုပ်ဆောင်စေခြင်းက အေးသောဇာတ်ကို သွက်စေသည်။ ပြီးတော့ မာနကြီးသော အမေ ခင်သန်းနုနှင့် အဆင်မပြေသော မိဘကြား တစ်ဦးတည်းသောသား လွင်မိုးကို ကြိုက်နေခြင်းက ဆန်းနေသည်။ နောက်ဆုံး မျိုးသန္တာထွန်းနှင့် မညားညားအောင် လွင်မိုးအစ်မကို တောကခေါ်လာပြီး မွေးစားအဖေ မုဆိုးဖိုနေအောင်ကို မြူဆွယ်ခိုင်းသည်မှာ တမင်ဖန်တီးမှုန်း သိသာနေသည်။ ခင်သန်းနုနှင့်ထွန်းထွန်းဝင်းတို့ ညားခါစ ငယ်ဘဝ ငယ်ရုပ်ကို ရုပ်ဖြင့်ပြသမည့်အစား အခြားတစ်နည်းနည်းဖြင့် ပြသလျှင် ပိုအဆင်ပြေနိုင်ပါလျက် မငယ်သောရုပ်ကို ငယ်ရုပ်ဆင်ရသည်မှာ အကြည့်ရဆိုးနေသည်ဟု ထင်၏။ မည်သို့ဆိုစေ မကောင်းတာလေး အနည်းအကျဉ်းကို ဖယ်ရှားလိုက်လျှင်ဖြင့် **ရင်နှင့်အောင်မွေး**မှာ သာမန်အားဖြင့် ဆိုရပေသည်။ ဖခင်ရင်း တစ်ဦးတည်းက မွေးသော်လည်း ဖြတ်သန်းရသော ပတ်ဝန်းကျင်၊ ငွေကြေးခနေ ဂုဏ်မာနကြောင့် ဘဝချင်းပါခြားနားသွားသော သမီးနှစ်ယောက်ဘဝကို ပြသရာတွင် ပီပြင်လှသည်။ အထူးသဖြင့် မျိုးသန္တာထွန်းကို မိန်းမပီပီသသနဲ့ဘဝကို ရုန်းကန်ရသော ဇာတ်ရုပ်မှာထားပြီး နဝရတ်ကို မျက်စိရှုပ်လောက်အောင် ခေတ်ဆန်သော ငွေကြေးခနေ ကြွယ်ဝသူ

ရင်နှင့်အောင်မွေးဇာတ်ကားမှ လွင်မိုးနှင့် မျိုးသန္တာထွန်း။

မြေစာပင်ဖြစ်ရသော သမီးမိုးသန္တာထွန်းတို့ အားပြိုင်သရုပ်ဆောင်ချက်ကလည်း ပြောစရာ မရှိလောက်အောင် ကောင်းပါပေသည်။

သို့သော် ပြောစရာ ဖြစ်လာသည်။ စရိုက်မတူသူ ညီအစ်မ နှစ်ယောက်က ကြည့်သင့်သော အိမ်ထောင်ရေး ပညာပေး ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်မှာ အမှန်ပင်။ ယခုသောကြာပတ်တွင် သမ္မတ၊ သွင်နှင့် နဝဒေးမှာ ရင်နှင့်အောင်မွေးနေဆဲ ဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများကိုရွှေ့ဆောင်၊ မင်္ဂလာနှင့် နေပြည်တော်ရုံများတွင် ကြည့်ကြရမည်ဖြစ်သည်။ မင်္ဂလာရုံတွင် **The Kingdom**၊ ရွှေဆောင်တွင် **Jumper** နှင့် နေပြည်တော်တွင် **Vantage Point** တို့ ပြသနေသည်။

ဟော့ရှော့ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

မြို့မရုံတွင် အက်ရှေးကူးမား၊ ကရီနာကပူး၊ ပရီယန်ကာချိုပရာတို့ပါဝင်ပြီး အင်္ဂလိပ်စာတန်းထိုး အချစ်ဇာတ်ကား **Aitraaz** ရုံဝင်လာသည်။

မြန်မာနှစ်ဆန်းခရက် (ဧပြီ ၁၇ရက်) တွင် ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ ဗေလုဝ၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ သက်မွန်မြင့်နှင့် သင်ဇာဝင့်ကျော်တို့ ပါဝင်သရုပ်ဆောင်ထားသည့် **ဟော့ရှော့** ဟာသဇာတ်ကား ရုံဝင်လာမည်။

ဘုရင့်ရုံတွင် **Rishtey** နှင့် ဆုထူးပန်ရုံတွင် **Pyaar Isho Mohabbat** အိန္ဒိယဇာတ်ကားများ ပြသဖျော်ဖြေနေဆဲ ဖြစ်သည်။

လိပ်ပြာဝှက်တမ်း

ဒါရိုက်တာ ဇော်ကိုကိုရိုက်ကူးပြီး စိုင်းစိုင်းခမ်းလှိုင်၊ဝိုင်းစုခိုင်သိန်း၊ မေသဥ္ဇာဦးတို့ပါဝင်သော **လိပ်ပြာဝှက်တမ်း**အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ မဟာမြိုင်ရုံတွင် ရုံဝင်လာသည်။ မြန်မာဝိညာဉ်ဇာတ်ကား ကြည့်လိုသူ ပရိသတ်များအတွက် တင်ဆက်ထားသည်။

လိပ်ပြာဝှက်တမ်းဇာတ်ကားမှ စိုင်းစိုင်းခမ်းလှိုင်နှင့် ဝိုင်းစုခိုင်သိန်း။

အကြည်တော်၏ဝတ္ထုကို ဒါရိုက်တာ အာဇာတ်ထော်ဇာရိုက်ကူးထားသည့် **မောင်မမှားပါကွယ် ချောင်ကြားကပုလင်းရယ်ကြောင့်** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေမန်း၊ စံပြ၊ သီတာနှင့် ရွှေလဝန်း (ထောက်ကြန့်)ရုံများတွင် ရုံဝင်လာသည်။ ကျော်ရဲအောင်၊ ဥက္ကာမင်းမောင်၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာနှင့် ဗေလုဝတို့ ပါဝင်ထားသော ဟာသဇာတ်မြူးကားဖြစ်သည်။

မျက်ရည်တံခါး

ဒါရိုက်တာဝင်းထွန်းထွန်း၏ **မျက်ရည်တံခါး**အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ရောဝတီနှင့် မြရတနာရုံများတွင် ပြသနေဆဲဖြစ်သည်။ **(မြန်မာ့အလင်း)**

ကိုးဘွဲ့ရကျောင်းတိုက် သင်္ကြန်တရားစခန်းပွဲ

ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၄၂ရပ်ကွက်ရှိ ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်ကြီးတွင် သင်္ကြန်အထူးတရားစခန်းပွဲ ဖွင့်လှစ်မည်။ ဧပြီ ၆ရက်မှ စတင်စာရင်းပေးသွင်းနိုင်ပြီး ဧပြီ ၁၂ရက် မွန်းတည့် ၁၂နာရီ အရောက်လာကြရမည်။ ဧပြီ ၁၈ရက် ညနေ ၄နာရီတရားစခန်းပြီးပါမည်။ ဝင်ကြေး၊ ဆွမ်းစရိတ် လုံးဝပေးစရာမလိုပါ။ **ဆက်သွယ်စာရင်းပေးသွင်းလိုပါက-ဖုန်း-၀၉-၂၁-၃၀၈၉၅၊ ၀၉-၅၀-၅၅၈၃၈၊ ၀၉-၅၀-၅၅၁၇၆၊ ၀၉-၉၉-၇၀၄၈၆၊ ၀၁-၇၀၈၄၀၃။**
အရုဏ်ဆွမ်းတစ်နပ် ကျပ်သုံးသိန်း၊ နေ့ဆွမ်းတစ်နပ်ကျပ်ငါးသိန်း၊ ညနေ ဖျော်ရည်တစ်ရက် ကျပ်တစ်သိန်းနှုန်းဖြင့် လှူဒါန်းနိုင်ပါသည်။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်မျိုးထွန်း**နှင့် ကျွန်မ **မသီရိခင်ခင်** တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီခွင့်ပြုချက်အရ ၅-၃-၂၀၀၈ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

မောင်မျိုးထွန်း-မသီရိခင်ခင်။

ဒေါ်ပုလဲသူဇာ ၁၂/ဗတထ(နိုင်)၀၂၃၆၁၇ အမှတ် ၃၂-ဗီ၊ (၁၁)ရပ်ကွက်၊ ရွှေဟောင်းသုတေသနလမ်း ၆½ မိုင်၊ ပြည်လမ်း၊ လှိုင်မြို့နယ်နေသူနှင့် အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စုနှင်းဝေ ၁၂/ဗတထ(နိုင်)၀၂၆၉၇၁၊ အခန်း(၄)၊ တိုက်အမှတ်(၅၇)၊ ၄၆လမ်း၊ ဗိုလ်တထောင်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်ပုလဲသူဇာမှ အောက်စာရင်းပါ ပစ္စည်းများသည် မိမိပိုင်ဆိုင်ပြီး အခြားသူအားရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းနှင့် အရှုပ်အရှင်းများကင်းရှင်းကြောင်း ထုတ်ဖော်ကြေညာကာ ဒေါ်စုနှင်းဝေအား အပြီးအပိုင်ရောင်းချထားပြီး ဖြစ်ပါသည်။

(က) ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရွှေဟောင်းသုတေသနလမ်း၊ မြေကွက်အမှတ်-၃၂/ဗီ ဟုခေါ်တွင် သော ပေ၉၀ x ပေ၉၀ အကျယ်ရှိ မြေကွက်နှင့် မြေပေါ်ရှိ တစ်ထပ်အိမ်၊ အလုပ်သမားတန်းလျားနှင့် အဆောက်အအုံတွင် တပ်ဆင်ထားသော တယ်လီဖုန်းအမှတ်-၅၂၆၀၄၄နှင့် မီတာနှစ်လုံး၊ မော်တာတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အားလုံး။
(ခ) TAJIMA အမျိုးအစားပန်းထိုးစက် (Embroidery Machine)စက်အမှတ်- TMFD 620·

ယင်းသို့ ရောင်းချပြီးသော အထက်ပါပစ္စည်းများအနက် အမှတ်စဉ် (က)ပါ မြေနှင့် အိမ်အား ဒေါ်ပုလဲသူဇာက ဒေါ်စုနှင်းဝေအား (၂၂-၃-၂၀၀၈ရက်)တွင် လက်ရောက်ပေးအပ်မည်ဖြစ်ကြောင်း လက်မှတ်ရေးထိုး ဝန်ခံကတိပြု ထားသကဲ့သို့ အမှတ်စဉ်(ခ)ပါ ပန်းထိုးစက်အား ဒေါ်ပုလဲသူဇာဖွင့်လှစ်ထားသော (IVY Fashion)တွင် ပြန်လည် အသုံးပြုနိုင်ရန် ဒေါ်စုနှင်းဝေနှင့် ဒေါ်ပုလဲသူဇာတို့ ပန်းထိုးစက်(Embroidery Machine)ငှားရမ်းခြင်းစာချုပ်ဖြင့် ဒေါ်ပုလဲသူဇာအား ငှားရမ်းထားရာ အထက်ပါ ဒေါ်ပုလဲသူဇာကိုယ်တိုင် ဒေါ်စုနှင်းဝေအား ရောင်းချထားပြီးဖြစ်သော ပစ္စည်းများ အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ ပိုင်ရှင်ဒေါ်စုနှင်းဝေ၏ အတိအလင်းသဘောတူ ခွင့်ပြုချက်မရှိဘဲ ဒေါ်ပုလဲသူဇာအပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်း၍ တစ်ဆင့်ငှားရမ်းခြင်း၊ ပြုပြင်ခြင်း၊ အခြားပစ္စည်းတို့နှင့် လဲလှယ်ခြင်းတို့ကို လုံးဝမပြုလုပ်ကြပါရန်နှင့် ပြုလုပ်က တည်ဆဲဥပဒေများနှင့်အညီ ဒေါ်စုနှင်းဝေက အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးထွန်းအေး(B.A,R.L)
တရားရုံးချုပ်ရှေ့နေ

ဒေါ်ဆွေဆွေညွှန့်(LL.B)
အထက်တန်းရှေ့နေ

အမှတ် ၅၈/၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၈၀-၃၃၁၆၃၊ ရုံး-၅၆၅၁၇၆၊ ၀၉-၈၀-၂၅၁၂၈။

ဖိတ်ကြားအပ်ပါသည်

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ် ကျိုက်စစ်ကိုင်းကျေးရွာ၊ အထုတ်ကလေး ဂူကျောင်း၌ ဝိပဿနာ တရားစခန်းပွဲကြီးကို ဧပြီ ၁၂ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်ပြီး တစ်နေ့လျှင် တစ်ကြိမ်၊ တစ်ကြိမ်လျှင် ငါးနာရီကြာမျှ တရားအားထုတ်လိုပါက လာရောက်အားထုတ်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

Golden Star
546874
544383, 09-5133640

မင်္ဂလာဆောင်ပါသည်

MRTV-4
Master 09-5134497

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ Passport No-855029 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **မောင်မင်းတိတ်**
ဖုန်း-၇၀၉၆၁၉။

အမည်ပြောင်း

ဦးထွန်းဦး-ဒေါ်အေးအေးကြည်တို့၏သမီး အမက-၇(တာမွေ) စတုတ္ထတန်း(A-2)မှ မပြည့်ပြည့်ရတနာအား ယနေ့မှစ၍ မသက်သဇင်နှင်းဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်ရန် ကြော်ငြာ

လသာမြို့နယ်၊ ၂၂လမ်း၊ အမှတ် ၁၄၇ မြေညီအခန်းသည် ဦးမျိုးအောင် အား နေရာချထားပေးသော မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲရသော ပြည်သူပိုင်အခန်းဖြစ်ပါသည်။ ဦးမျိုးအောင်သည် ၁၀-၁-၂၀၀၇ရက် တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်မြင့်ကြည်သည်လည်း ၂၆-၁၁-၂၀၀၇ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီး ကျန်ရစ်သူ သားသမီးခြောက်ဦးအနက်မှ သားဖြစ်သူ ဦးဝင်းဝင်းဗိုလ်အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာပါ၍ ၁၅ရက်အတွင်း အထောက်အထားနှင့် ကန့်ကွက်နိုင်ပါသည်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

KMD Computer Centre
For 2008 November Exam Series
LCCI Accounting Course
Level I + II (Book-keeping & Accounts)
Level III (Group Diploma)
Duration (6) Months

ISO 9001:2000
လှိုင်မြင့်အောင် ခြင်းဆေး
Lwin Myint Aung Industrial Co.,Ltd

"အားလုံးအတွက် အာဟာရပြည့်ဝကျန်းမာစေမှာ Happy ဖျော်ရည်ပါ"
Happy ဖျော်ရည်သည် သဘာဝသစ်သီးစစ်စစ်ကို အဓိကထား၍ ဖျော်စပ်ထားသော သောက်ကောင်း သန့်ရှင်းလတ်ဆတ်သော အချိုရည် ဖြစ်ပါသည်။
Happy ဖျော်ရည်ကို အဆင့်မြင့်နည်းပညာ လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးကို ဦးစားပေးအလေးထား၍ စီမံဆောင်ရွက်လျက်ရှိပါသည်။
Happy ဖျော်ရည်ကို အစဉ်စောင့်ရှောက်ထိန်းသိမ်းမှု ခံယူလျက်ရှိသောကြောင့် သောက်သုံးသူ အများပြည်သူများ စိတ်ချယုံကြည်စွာ သုံးဆောင်နိုင်ပါသည်။
Customers Date
HAPPY MYANMAR MANUFACTURING CO., LTD.
Office : No. 197, Muse St., 23-Qtr., Industrial Zone (1), South Dagon Tsp., Yangon, Myanmar.
Tel : 01-591029, 591030, 591112, Fax : 095-1-591030E-mail : happymyanmar@baganmail.net.mm, happyintl@mptmail.net.mm

မိတ္ထီလာကန်အတွင်း ရေနစ်သေဆုံး

မိတ္ထီလာ ဧပြီ ၄

မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် မြောက်ကန်အတွင်း ရွှေစောလူးစေတီအရှေ့ဘက်တွင် မတ် ၂၀ရက် မွန်းတည့် ၁၂ နာရီက အမည်မသိ အမျိုးသားအလောင်းတစ်လောင်း ပေါ်နေကြောင်း သတင်းအရ အမှတ် (၂) ရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်မျိုးညွန့်သည် နန်းတော်ကုန်းရပ်ကွက် ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ အလောင်းမှာ အသက် ၃၀ခန့် အမျိုးသားအလောင်းဖြစ်ပြီး ပြင်ပဒဏ်ရာများ မတွေ့ရဘဲ နှာခေါင်းမှ အမြှုပ်များထွက်ပြီး ဝဲဘက်လက်သူကြွယ်တွင် ငါးကိုက်ထားသောဒဏ်ရာများဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရသည်။ အလောင်းကိုဆေးစာဖြင့် ဆေးရုံသို့တင်ပို့လိုက်ပြီး အမှတ် (၂)ရဲစခန်းက သေမှုသေခင်း ၂/၂၀၀၈ဖြင့် ရေးဖွင့်၍ စခန်းမှူး ရဲအုပ်ဗညားဝင်းက စုံစမ်းစစ်ဆေးနေသည်။ မတ် ၂၇ရက်က သေသူ၏အစ်မများရောက်ရှိလာပြီး သေဆုံးသူမှာ မိုးဟန်ထွန်း (၂၉ နှစ်) ၁(ခ) ဦးဘိုပုလမ်း ရဲစုတောင်ပိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မှ ဖြစ်သည်ဟု ဆိုသည်။

မိတ္ထီလာတောင်ကန်အတွင်း အန္တကူရေလယ်ဘုရားအနီးတွင် မတ် ၂၉ ရက် နံနက် ၇နာရီခွဲ အချိန်က အမည်မသိ အမျိုးသမီးအလောင်း တစ်လောင်း ရေနစ်သေဆုံးနေကြောင်း သတင်းအရ အမှတ်(၁) ရဲစခန်းမှ ဒုရဲအုပ် အောင်သန်းဌေးသည် အသိသက်သေလူကြီးများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ ရေနစ်သေဆုံးသူမှာ မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် နယ်မြေ (၁) ကျောင်းလမ်းနေ မအေးအေးသိန်း (၃၈ နှစ်) ဖြစ်သည်ဆို၏။ ပြင်ပဒဏ်ရာများ မတွေ့ရသဖြင့် ရဲဆေးစာဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် သိရှိရန် အလောင်းကိုဆေးရုံသို့ တင်ပို့လိုက်သည်။ အမှတ် (၁) ရဲစခန်းက သေမှုသေခင်း ၂/၂၀၀၈ ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးလျက် ရှိသည်။

(၀၈၆)

မိုးကုတ်ရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၄

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီး အုတ်ဖိုမှတ်တိုင်အနီးရှိ ပြည့်စုံအေးကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၄၇၂)တွင် တာသင်္ကြန် နှစ်သစ်ကူးအထူး ခုနစ်ရက်တရားစခန်းပွဲကြီးကို တန်ခူးလဆန်း ၇ရက်မှ ၁၃ရက်(ဧပြီ ၁၂ရက်မှ ၁၈ရက်)အထိ ကျင်းပမည် ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ပြည့်စုံအေးကျောင်း ပဓာနနာယကမိုးကုတ်အဖွဲ့ချုပ် ဓမ္မကထိက နယ်လှည့်သာသနာပြု ဆရာတော်ကြီး ဘန္ဒန္တပညောဘာသ အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း -၀၉-၅၀- ၅၉၄၇၃ နှင့် ၆၁၀၂၃၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဖာပွန်မြို့နယ်၌ ကျေးလက်ဖွံ့ဖြိုးရေး ကျောက်ခင်းလမ်းဖွင့်

ဖာပွန် မတ် ၃၁

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ဖာပွန်မြို့နယ် ဖာပွန်-ကမမောင်းကားလမ်းမကြီးနှင့် ဇော့နောင်ကျေးရွာ ဆက်သွယ်ပေးသော လမ်းအရှည် ပေ ၁၈၂၀ ရှိ ကျေးလက်ဖွံ့ဖြိုးရေးကျောက်ခင်းလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၈ နာရီက အဆိုပါလမ်းထိပ်၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် လမ်းဖောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နိုင်က ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစောဝင်းထိန်တို့က လမ်းသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်မောင်ဝင်းက လမ်းဖွင့်ပွဲမှတ်ဦး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)

စုပေါင်း သွေးလှူဒါန်းပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ချောက်မြို့၌ကျင်းပ

ချောက် မတ် ၃၀

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ချောက်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကြီးကြပ်မှုဖြင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(၈) အဆင့်မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို မတ် ၂၃ ရက်က အဆိုပါဌာန မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် သွေးများကို စစ်ဆေးဖောက်ယူလှူဒါန်းခဲ့ကြရာ သွေးလှူရှင် ၁၇ဦးကိုယ်စား ဌာနမှူး ဦးစိုးလှမြင့်က ဒေါက်တာ ဒေါ်မြတ်သီရိထံ သွေးများကို ပေးအပ်လှူဒါန်းသည်။

ချီးမြှင့်

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို မွန်းလွဲပိုင်းတွင်ကျင်းပ၍ ဆုရရှိသူများအား ချောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနေရှင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ထားဝယ်ခရိုင်ပြန်/ဆက်ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးနှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေး

ထားဝယ် ဧပြီ ၁

ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်သည် မတ် ၂၄ ရက်က ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် မတ် ၂၅ ရက်က ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ခရိုင်ဦးစီးအရာရှိ ဦးထွန်းမြင့်နှင့် ထားဝယ်၊ ရေဖြူ၊ လောင်းလုံး၊ သရက်ချောင်း၊ ကလိန်အောင်၊ မြေတ္တာမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံ၍ ရည်မှန်းချက်တာဝန်များ ကျေပွန်စွာထမ်းဆောင်ရေး၊ ဝန်ထမ်းများ အရည်အသွေးပိုမိုမြင့်မားရေး၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**

လှူဒါန်း

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ထားဝယ်မြို့နယ်၊ စော်ဝ၊ ရွှေဂူတောင် စံပြကျေးရွာ သုတ အလင်းပြစာကြည့်တိုက်၊ အလယ်ကုန်းကျေးရွာစာကြည့်တိုက်နှင့် မတ် ၂၆ ရက် နံနက် ၁၀ နာရီခွဲက လောင်းလုံးမြို့နယ်ရုံး၌ ဝန်ထမ်းများအား ဆွေးနွေးမှာကြားပြီး လောင်းလုံးမြို့နယ် အင်းဓောက်ကျေးရွာ စံချိန်မီစာကြည့်တိုက်၊ သဗျာကျေးရွာ နှလုံးလှစာကြည့်တိုက်နှင့် တော်ရှည်ကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးပြီး အလှူရှင်များလှူဒါန်းသော စာအုပ်စာစောင်များ လက်ခံခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သောသဇင်လမ်းနှင့် ဒေါနလမ်း ကျောက်ချောလမ်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ်၌ မြေယာရှုခင်းပြုပြင်

ပခုက္ကူ မတ် ၁၀

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ တာဝန်ယူဆောင်ရွက်လျက်ရှိသော မြကန်သာ ပန်းခြံအတွင်း ဘဲစားမြက်များ ပြန်လည် စိုက်ပျိုးရန်အတွက် မြေပြုပြင်ခြင်းနှင့် မြေယာရှုခင်းပြုပြင်ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နီနီအောင် ဦးဆောင်၍ ကြီးကြပ်ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရွှေထီးတော်တင်မင်္ဂလာပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၄

အံ့ဖွယ်ရွှေဟောင်းသုတေသန အမှတ်စဉ် (၆၅) စေတီတော်မြတ်ကြီးအား သန်လျင်မြို့နယ် သံဃနာယကဆရာတော် ဘဒ္ဒန္တဝေပုလ္လက ကြီးမှူးပြီး ရသေ့ကြီး ဦးတိဿနှင့်အဖွဲ့က ကြည်ညိုဖွယ် ပြန်လည်ပြုပြင်မွမ်းမံခဲ့ရာ စေတီလုံးပတ်တော် ပြီးစီးပြီဖြစ်သဖြင့် ၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၂ ရက် (ဧပြီ ၇ ရက်) နံနက် ၉ နာရီတွင် ဌာပနာပိတ်မင်္ဂလာကျင်းပကာ တန်ခူးလဆန်း ၃ ရက် (ဧပြီ ၈ ရက်) နံနက် ၉ နာရီတွင် ရွှေထီးတော်တင်လှူပွဲနှင့် တန်ခူးလဆန်း ၄ ရက် (ဧပြီ ၉ ရက်) နံနက် ၉ နာရီတွင် ဗုဒ္ဓါဘိသေကမင်္ဂလာတို့ကို ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူ့ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား နှိုးဆော်ထားကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေပေးရေးအတွက် ၁၀မိုင်ကျေးရွာအုပ်စု ကံပိုတလို ကျေးရွာ၌ လက်တူးတွင်း တူးဖော်မည့်နေရာကို ဖေဖော်ဝါရီ ၂၀ရက်က အမှုဆောင်အရာရှိ ဦးမျိုးကြည်နှင့် တာဝန်ခံအရာရှိတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)



နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော်

၂၀၀၈ မဟာသင်္ကြန် အထူးအစီအစဉ်

နေကာမျက်မှန်၊ ပါဝါမျက်မှန်နှင့် နာရီအမျိုးမျိုး ဝယ်ယူသူ ချစ်မိတ်ဆွေများအတွက်

NEW ARRIVAL

(၅-၄-၂၀၀၈) နေ့မှ (၁၂-၄-၂၀၀၈) အထိ

နံနက် (၉:၀၀) မှ ည (၅:၀၀) အထိ ရောင်းချပေးနေပါပြီ။

Discount 5% to 20%

B3 ... Ext ၂၁၂၂

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ သံတွဲမြို့ ရေကြောင်းပို့ဆောင်ရေးဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မတ် ၃၁ရက်တွင် သံတွဲမြို့ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သံတွဲလေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်ရှင်းလင်းဆောင်၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ မှာကြားကြသည်။ *စာမျက်နှာ ၉ ကော်လံ ၇* ▼

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့အလင်း သတင်းအညွှန်း

❒ ပြည်သူ့ရှင်ကို ခံစားရိုက်ခတ်စေနိုင်သည့် April - 2008 ပန်းချီပြပွဲ
မောင်မောင်မြင့်ဆွေ၏ အနုပညာသတင်း စာ - ၃

❒ စိတ်ဝင်စားဖွယ်ရာ စိန့်ဂျက်စ်နှင့် နေပီးစ်နိုင်ငံ
တိုး၏ သတင်းအက်ဆေး စာ - ၅

❒ အသက် ၇၇နှစ်ရှိ နီပေါအမျိုးသမီး ဧဝရက်တောင်ထိပ်သို့ တက်ရောက်မည်
စာ - ၆

ရည်မှန်းချက်တာဝန် (၉) ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏နိုင်ငံတော်ဓာတ်အားပေးစနစ်(၁)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံ - အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ကြောင့် လုပ်ငန်း ကဏ္ဍအသီးသီးကို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၍ ကြိုးစားရုန်းကန်နေကြရသည်။ အမျိုးသားစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကို မဏ္ဍိုင်ပြုနေရသဖြင့် သီးနှံများ ဖြစ်ထွန်းအောင်မြင်ရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် နည်းပညာ၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ ပံ့ပိုးပေးနေရသလို ရေမလုံလောက်သည့် ဒေသများအတွက်ကိုလည်း စိုက်ပျိုးရေရရှိအောင် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးနေရသည်။

ဈေးကွက်စီးပွားရေးစနစ်

ထို့အတူ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မရှိရအောင် နယ်မြေဒေသအလိုက် လမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ မြစ်ကူးတံတားကြီးများ တည်ဆောက်ပေးခြင်း၊ အိမ်ရာ မြို့သစ်များ ဖော်ထုတ်ပေးခြင်းတို့အပြင် ကုန်သွယ်မှုကဏ္ဍ၌ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပေးနေသလို နယ်စပ်ကုန်သွယ်ရေးစနစ်မှသည် ပုံမှန်ကုန်သွယ်ရေးစနစ်အဖြစ် ရောက်ရှိအောင်ဆောင်ရွက်ပြီး ပြည်တွင်း ထွက်ကုန် သားငါးသီးနှံနှင့် တွင်းထွက်ရတနာများကို ပြည်တွင်းသာမက ပြည်ပပို့ကုန်အဖြစ် ရောင်းဝယ်ခွင့်ရအောင်လည်း စီစဉ်ပေးလျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ◆

နွေရာသီတွင် စိုက်ပျိုးရေအခက်အခဲကို ဖြေရှင်းပေးနိုင်ပြီး တောင်ငူနှင့် အုတ်တွင်းမြို့နယ်ရှိ လယ်မြေကေတစ်သိန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည့် ခပေါင်းရေလှောင်တမံစီမံကိန်း

သတင်းမြင်ကွင်း - ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဧပြီ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော ရေရရှိရေးအတွက် အကြီးစား၊ အလတ်စား၊ အငယ်စား ရေရရှိရေးစီမံကိန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိရာ တပ်မတော်အစိုးရလက်ထက်တွင် ၂၀၉ခုမြောက်အဖြစ် ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို မတ်၂၃ရက်က (၆၃)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြု ဖွင့်လှစ်ခဲ့သည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

ခပေါင်းရေလှောင်တမံ လက်ယာပင်မရေထိန်းတံခါးမှ သဲနုန်းရေများကို သဲထုတ်ရေတံခါးလေးပေါက်ဖြင့် စစ်တောင်းမြစ်အတွင်း ဤသို့ ထုတ်လွှတ်ပေးလျက်ရှိသည်။ (မြန်မာ့အလင်း)